ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၅)ရက် ၊ အင်္ဂါနေ့ ၊ (18-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၁၀)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၁၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့်

စာမျက်နှာ ၁၆ ကော်လံ ၁

## ဂုဏ်ပြုကြိုဆို

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဂုဏ်ပြုကြိုဆိုကြစဉ်။

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ အပါအဝင် ဟုမ္မလင်း၊ ဖောင်းပြင်တို့တွင် ဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိ



**မုံရွာ ဩဂုတ် ၁၇**

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် လက်ရှိတပ်ဆင်အသုံးပြုနေသည့် ၁ ဒသမ ၂ မီတာရှိ Ku-Band ဂြိုဟ်တုစနစ်သည် ဗန်းသေး၍ ဝပ်အားနည်းသဖြင့် ရာသီဥတုကြောင့် ဖုန်းလိုင်းအတက်အကျဖြစ်ခြင်း၊ ပြတ်တောက်ခြင်းနှင့် လိုင်းကြပ်ခြင်းများဖြစ်ပေါ်သဖြင့် ဝပ်အားကြီးသည့် ၂ ဒသမ ၄ မီတာရှိ C-Band ဂြိုဟ်တုစနစ်ကို ဩဂုတ် ၁၂ ရက်က

စာမျက်နှာ ၂၂ ကော်လံ ၄

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြော ခွဲစိတ်ကုဌာနနှင့် United Kingdom(UK)မှ နှလုံးနှင့်သွေးကြော ခွဲစိတ်အထူးကုတို့ နှလုံးသွေးကြောခွဲစိတ်ကုသမှုများ အောင်မြင်စွာဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**

United Kingdom (UK) St Bartholomew's Hospital, Barts Heart Centre, နှလုံးသွေးလွှတ်ကြောခွဲစိတ်ကုဌာနမှ နှလုံးနှင့် သွေးကြောခွဲစိတ်အထူးကု ပါမောက္ခ ဒေါက်တာအောင်ရဲဦးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဌာနမှူး (နှလုံးနှင့် သွေးကြောခွဲစိတ်) ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော်၊

စာမျက်နှာ ၂၂ ကော်လံ ၁



ဩဂုတ် ၁၃ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနနှင့် United Kingdom (UK)မှ နှလုံးနှင့်သွေးကြောခွဲစိတ်အထူးကု ပါမောက္ခ ဒေါက်တာအောင်ရဲဦးတို့ နှလုံးသွေးကြောခွဲစိတ်ကုသမှုများ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။

## မုန်တိုင်းငယ် ဆက်လက်တည်ရှိနေ

၁၇-၈-၂၀၂၆

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံဒေသများနှင့်ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် မြောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများသို့ ရောက်ရှိခဲ့ကာ ဆက်လက်တည်ရှိနေသည်။

အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ဂျက်ခမ်းပြည်နယ်၊ ဘီဟာပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၁၈ ရက်
အယ်ဒီတာ့အာဘော်

## ရာသီဥတုပြောင်းလဲမှုလျှော့ချရေး သစ်ပင်များဝိုင်းဝန်းစိုက်ပျိုးပေး

သစ်တောသစ်ပင်များ တည်ရှိနေခြင်းသည် အတိတ်ကာလ၏အမွေအနှစ်၊ ပစ္စုပ္ပန်၏အကျိုးစီးပွား၊ အနာဂတ်၏ဖွံ့ဖြိုးတိုးတက်မှုဟုဆိုနိုင်သည်။ ထို့ကြောင့် နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့ဟူသည့် မူဝါဒနှင့်အညီ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပြီး တိုးတက်အောင်ဆောင်ရွက်ကြရပေမည်။

၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပွဲတော်အခမ်းအနားကို ဩဂုတ် ၁၅ ရက်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တက်ရောက်၍ ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အရိပ်ရပြီး ရာသီအလိုက်ရောင်စုံပန်းများပွင့်သည့် ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကံ့ကော်၊ ပျဉ်းမ၊ စွယ်တော်၊ ပန်းမဲဇလီ အစရှိသည့်သစ်မျိုး ၁၀ မျိုးနှင့် ခရာဝါ၊ စိန်ပန်းကလေး၊ စက္ကူပန်း စသည့်ပန်းအလှပင်သုံးမျိုး ပျိုးပင်ပေါင်း ၃၀၀၀ စိုက်ပျိုးနိုင်ခဲ့သည်။

နိုင်ငံတစ်ဝန်း သစ်တောများဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်ကဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့်အတူ တစ်နိုင်ငံလုံး ဒေသအသီးသီး၌ သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီတွင် နိုင်ငံတစ်ဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် သစ်ပင်ပေါင်း ၂၁ ဒသမ ၃၇ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်သာယာဝပြောရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးသည် အပြန်အလှန်မှီခိုလျက်ရှိသည်။ လက်ရှိအချိန်တွင် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းအကြီးမားဆုံးစိန်ခေါ်မှုမှာ "ရာသီဥတုပြောင်းလဲမှု(Climate Change)"နှင့် "ကမ္ဘာကြီးပူနွေးလာမှု(Global Warming)"ပင်ဖြစ်သည်။ အပူချိန်လွန်ကဲလာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ သာမန်ထက်လွန်ကဲသည့် မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံခြင်းနှင့် ပြင်းထန်သည့်မုန်တိုင်းများတိုက်ခတ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို ကမ္ဘာတစ်ဝန်းကြုံတွေ့ခံစားနေကြရသည်။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးကို နိုင်ငံတော်အနေဖြင့် ကဏ္ဍအသီးသီးတွင် စနစ်တကျ အစီအမံဖြင့် အထူးအလေးထားပေါင်းစပ်ဆောင်ရွက်နေသည်ကို ဌာနဆိုင်ရာများနှင့် ပြည်သူအားလုံးက ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစေရေး အတွက် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးဖြင့် နေရာတိုင်းတွင် လူတိုင်း လုပ်နိုင်ပြီး အကျိုးကျေးဇူးများစွာရရှိနိုင်သည့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ၊ တာဝန်ရှိသူများ၊ ပြည်သူများက ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကန့်ဘလူ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၁၈၀၀ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၂၄၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မြေပဲ ၅၁၈၀၀ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၆၂၄၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းအသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## ဇလွန်မြို့နယ်တွင် ပေါ်ဆန်းဆန်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**ဇလွန် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ပေါ်ဆန်းဆန်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်တွင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဒေသထွက် ပေါ်ဆန်းဆန်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ပေါ်ဆန်းဆန်များ တစ်ရက်လျှင် အိတ်ရေ ၁၀၀၀ နှင့်အထက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပေါ်ဆန်းဆန်က အခြားဆန်တွေထက် တော်တော်အရောင်းအဝယ်ဖြစ်လာပါတယ်။ ဒေသတွင်းစားသုံးအားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိအရောင်းအဝယ်လုပ်နေတဲ့ပေါ်ဆန်းဆန်တွေက နွေကာလက ကျန်တဲ့ဆန်အဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ဆန်စပါးလုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အဆင်ပြေလာပါတယ်"ဟု ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဇလွန်မြို့နယ်တွင် ပေါ်ဆန်းဆန်အိတ်များကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

## စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ပင်ကြီးကျေးရွာအုပ်စု ထန်းသုံးပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံဝန်များက ထန်းသုံးပင်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ကြီးပွားချမ်းသာအဖွဲ့၊ တိုးပွားအောင်အဖွဲ့၊ ပြည့်စုလျှံအဖွဲ့နှင့် ငွေပင်ဆင့်အဖွဲ့ လေးဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ထန်းသုံးပင်ကျေးရွာ၌ နို့စားနွားမွေးမြူရေးနှင့်ဆိတ်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့ကို စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး အဆိုပါအဖွဲ့လေးဖွဲ့၏ မွေးမြူရေးလုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# မလှိုင်မြို့နယ် ရုံးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရုံးတောကျေးရွာအုပ်စု ရုံးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရုံးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရုံးတောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၂၀ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၆ ဒသမ ၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က ပြောပြ၍သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# တံတားဦးမြို့နယ် ကြပ်ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြပ်ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြပ်ပြင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံ ငွေကျပ်သိန်း ၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၉၀၄၇ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**တန့်ဆည် ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၉၀၄၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် မတ်ပဲ ၁၉၀၄၇ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မတ်ပဲ ၁၉၀၄၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးရာမှာ လဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေး နည်းလမ်းတွေ ဆောင်ရွက်သွားပါမယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မတ်ပဲ စိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# မင်းလှမြို့နယ် ကညင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မင်းလှ ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကညင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ကညင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၈၄ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကညင်ပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၄ ဦးကို ငွေကျပ် ၃၅ ဒသမ ၃၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၇ ဒသမ ၃၅ သန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၄ ဦးကို ရန်ပုံငွေကျပ် ၄၂ ဒသမ ၈၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **သုတ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန် ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်က ငါးရှဉ့်များကို အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်က ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားဒေသတွေကိုလဲ ဆက်လက် ဖြန့်ဖြူးရောင်းချပါတယ်။ အခုလို ဝယ်ယူအား ကောင်းလာတော့ ငါးရှဉ့်မွေးမြူသူတွေနဲ့ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အလုပ်အကိုင် အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၂၂၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချနေရခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ငါးရှဉ့်မွေးမြူသူများ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၁၅)

ပါမောက္ခကိုကိုအောင်




**Those who strictly follow a vegetarian diet and those who primarily consume only meat, fish, and various types of eggs have a higher risk of vitamin and mineral deficiencies compared to those who eat a variety of fruits, vegetables, meats, fish, and eggs.**

**Prof. Ko Ko Aung**

**သက်သတ်လွတ်နှင့် အသားသီးသန့် စားသူများ ဗီတာမင်ချို့တဲ့မှုမဖြစ်စေရန်**

သက်သတ်လွတ်စားသုံးသူများဟုညွှန်းဆိုရာတွင် ဥပုသ်နေ့နှင့် ဘာသာရေးဆိုင်ရာ အထွတ်အမြတ်ရက်များ၊ အထိမ်းအမှတ်အခါတော်များ၊ အဓိဋ္ဌာန်ရက်များ၊ တရားစခန်းဝင်သည့်ရက်များ အစရှိသည့်ရက်တို၊ ကာလတို သက်သတ်လွတ်စားသုံးသူတို့ကို ဆိုလိုခြင်းမဟုတ်ဘဲ ထာဝရသက်သတ်လွတ် စားသူများနှင့် ကာလရှည်သက်သတ်လွတ် စားသူများကိုသာ ရည်ညွှန်းခြင်းဖြစ်သည်။

ကမ္ဘာအရပ်ရပ်တွင် ထာဝရနှင့် ကာလရှည် သက်သတ်လွတ်စားသုံးမှုကို သတ္တဝါတို့အပေါ်၌ မေတ္တာစိတ်ကြီးမားသူများ၊ မဟာယာနဗုဒ္ဓဘာသာဝင်များ၊ သတ္တမမြောက်နေ့ ခရစ်တော်ကြွချီလာမှုကို ကြိုဆိုသည့် ခရစ်ယာန်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များ၊ အစ္စလမ်ဘာသာဝင်များ၊ ဂျိန်းဘာသာဝင်များ၊ တာအိုဘာသာဝင်များ၊ ရဟူဒီအနွယ်ဝင်များ၊ ဆစ်ခ်အနွယ်ဝင်များ၊ တမီးလ်အနွယ်ဝင်များ၊ ရိုးရာယဉ်ကျေးမှုအရ သက်သတ်လွတ်စားသုံးသည့် တောင်အမေရိက၊ အာရှနှင့် အာဖရိကရှိ လူမျိုးစုတချို့တို့၌ တွေ့ရှိရသည်။

မျက်မှောက်ကာလတွင်မူ သက်သတ်လွတ် စားသုံးမှုသည် ဘာသာရေးနှင့် ယုံကြည်မှုတို့အတွက်သာမကတော့ဘဲ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တိရစ္ဆာန်အခွင့်အရေးတက်ကြွလှုပ်ရှားမှုတို့၏ သင်္ကေတတစ်ရပ်ပါဖြစ်လျက်ရှိနေပြီဖြစ်သည်။

သက်သတ်လွတ် စားသုံးခြင်းသည် ဆေးပညာရှုထောင့်အရ အသက်ရှည်ရေးအတွက် ကောင်းမွန်သည့် ရွေးချယ်မှုတစ်ရပ်ဖြစ်သည်။ သို့ရာတွင် အာဟာရသိပ္ပံပညာရှုထောင့်က ကြည့်လျှင်မူ ဘဝတစ်သက်တာ ကျန်းမာကြံ့ခိုင်ရေးအတွက် အာဟာရဓာတ်ကို စုံစုံလင်လင်နှင့် မျှမျှတတ ရရှိအောင် ဂရုစိုက်ရန် လိုအပ်မည်ဖြစ်သည်။

အကြောင်းအမျိုးမျိုးဖြင့် ကာလရှည် သက်သတ်လွတ်စားသုံးနေသူတို့အတွက် ဗီတာမင်နှင့် သတ္တုဓာတ်များကို အထူးဂရုစိုက် ရွေးချယ်ပြီး စားသုံးကြရန် အရေးကြီးသည်။

ထာဝရသက်သတ်လွတ်စားသူများနှင့် ကာလရှည် သက်သတ်လွတ်စားသူများသည် ဗီတာမင် B12 ချို့တဲ့မှုမဖြစ်စေရန်အတွက် ပဲနို့နှင့် B12 အားဖြည့်နို့အမျိုးမျိုး၊ B12 အားဖြည့်အာဟာရမှုန့်များကို စားသုံးကြရမည်ဖြစ်သကဲ့သို့ B12 အားဖြည့်ဆေးများကိုလည်း ဆရာဝန်၏ညွှန်ကြားချက်ဖြင့် သောက်သုံးကြရမည်ဖြစ်သည်။

ဗီတာမင် D ချို့တဲ့မှုမဖြစ်စေရန်အတွက်ကိုမူ နံနက် ၁၀ နာရီမတိုင်မီအချိန်၌ နေရောင်ခြည်နှင့် အနည်းဆုံး ၁၅ မိနစ်ခန့်ထိတွေ့ရန်နှင့် ဗီတာမင် D အားဖြည့်ပဲနို့အမျိုးမျိုး၊ ဗီတာမင် D အားဖြည့် အမှုန့်အမျိုးမျိုးနှင့် နေလှန်းပြီးသားမှိုကို ချက်ပြုတ်စားသုံးကြရန် လိုအပ်သည်။

ဗီတာမင် D2 အားဖြည့်သောက်ဆေးနှင့် ရေညှိမှထုတ်လုပ်ထားသော D3 သောက်ဆေးများကို ဆရာဝန်၏ ညွှန်ကြားချက်ဖြင့် သောက်သုံးရန် လိုအပ်သည်။ Omega-3 ကို ရရှိစေရန်အတွက်လည်း အယ်လ်မွန်စေ့၊ သစ်ကြားသီး၊ နှမ်းကြတ်စေ့၊ အယ်လ်မွန်ဆီ၊ သစ်ကြားဆီ၊ ပဲပိစပ်၊ ပဲပိစပ်ဆီနှင့် ပင်လယ်ရေညှိဆီတို့ကို စားသုံးရန် လိုအပ်မည်ဖြစ်သည်။

**❖ ထာဝရသက်သတ်လွတ်စားသူဖြစ်စေ၊ ကာလရှည် သက်သတ်လွတ်စားသူဖြစ်စေ ရက်သတ္တလေးပတ်နှင့်အထက် သက်သတ်လွတ်စားသူတိုင်းသည် ဗီတာမင်Dကြွယ်ဝသော ဆယ်လမွန်ငါး၊ တူနာငါး၊ မက်ကရယ်ငါး၊ ဆာဒင်းငါး စသောအဆီများသည့်ငါးများ၊ ငါးအသည်းဆီနှင့်တိရစ္ဆာန်တို့၏အသည်း၊ ဥအနှစ် စသည်တို့ကိုရှောင်ကြဉ်ကြရသည့်အတွက် သဘာဝအစားအစာများမှတစ်ဆင့် ဗီတာမင် D ကို အလုံအလောက်ရရှိနိုင်ကြစေရန် နေလှန်းပြီးသားမှိုကို ချက်ပြုတ်သုံးဆောင်ကြရမည်ဖြစ်သည်။ ❖**

**သက်သတ်လွတ် စားသုံးမှုကာလ ကြာရှည်လာလျှင်**

ထာဝရသက်သတ်လွတ်စားသူဖြစ်စေ၊ ကာလရှည် သက်သတ်လွတ်စားသူဖြစ်စေ ရက်သတ္တလေးပတ်နှင့်အထက် သက်သတ်လွတ် စားသူတိုင်းသည် ဗီတာမင် D ကြွယ်ဝသော ဆယ်လမွန်ငါး၊ တူနာငါး၊ မက်ကရယ်ငါး၊ ဆာဒင်းငါး စသော အဆီများသည့် ငါးများ၊ ငါးအသည်းဆီနှင့် တိရစ္ဆာန်တို့၏ အသည်း၊ ဥအနှစ် စသည်တို့ကို ရှောင်ကြဉ်ကြရသည့်အတွက် သဘာဝအစားအစာများမှတစ်ဆင့် ဗီတာမင် D ကို အလုံအလောက်ရရှိနိုင်ကြစေရန် နေလှန်းပြီးသားမှိုကို ချက်ပြုတ်သုံးဆောင်ကြရမည်ဖြစ်သည်။

မှိုကိုမချက်ပြုတ်မီ ၄၅ မိနစ်ခန့် နေလှန်းပါက မှိုတွင်ပါဝင်သည့် Ergosterol ဒြပ်ပေါင်းက နေရောင်ခြည်ထဲ၌ပါရှိသည့် UVB ရောင်ခြည်နှင့် ထိတွေ့သည့်အခါ ဗီတာမင် D2 အဖြစ်သို့ ပြောင်းလဲသွားခြင်းကြောင့် သက်သတ်လွတ် စားသုံးသူတို့အနေဖြင့် နေလှန်းပြီးသားမှိုကို ချက်ပြုတ်စားသုံးခြင်းဖြင့် ဗီတာမင် D ချို့တဲ့မှုကို ကာကွယ်နိုင်ကြမည်ဖြစ်သည်။

မှိုအများစုသည် အလင်းရောင် နည်းသည့်သို့တည်းမဟုတ် နေရောင်ခြည်မရသည့် နေရာများ၌သာ စိုက်ပျိုးထားကြခြင်းဖြစ်သည့်အတွက် သဘာဝအလျောက် ဗီတာမင် D ပါဝင်မှုက အလွန်နည်းပါးကြခြင်းဖြစ်သည်။

အလားတူပင် သက်သတ်လွတ် စားသုံးသူသည် Omega-3 ကြွယ်ဝသော ဆယ်လမွန်ငါး၊ တူနာငါး၊ မက်ကရယ်ငါး၊ ဆာဒင်းငါး၊ ငါးကြီးဆီ၊ အသည်း၊ မွေးမြူရေးကြက်ဥ စသည်တို့ကို စားသုံးခြင်းမပြုကြရသည့်အတွက် Omega-3 ချို့တဲ့နိုင်ခြေရှိနေကြသည်။

Omega-3 သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် ဖက်တီးအက်စစ်ဖြစ်သည့်အတွက် သက်သတ်လွတ်စားသုံးသူတို့ Omega-3 ချို့တဲ့မှုမဖြစ်စေရန် Omega-3 ကြွယ်ဝသည့် အစိမ်းရောင်ပဲတောင့်ရှည်၊ အယ်လ်မွန်စေ့၊ သစ်ကြားသီး၊ နှမ်းကြတ်စေ့၊ ချီးယားစေ့၊ အယ်လ်မွန်ဆီ၊ သစ်ကြားဆီ၊ ပဲပိစပ်နှင့် ပဲပိစပ်ဆီ၊ ပင်လယ်ရေညှိ၊ ပင်လယ်ရေညှိဆီတို့ကို စားသုံးကြရန် လိုအပ်မည်ဖြစ်သည်။

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၇၄၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၇၄၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် စပါးဧက ၁၃၉၆၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၇၄၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ စပါးဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# တောင်တွင်းကြီးမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄၂ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၁၀ ကို ငွေကျပ် ၅၀၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် သိန်း ၄၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို ရန်ပုံငွေကျပ် ၅၄၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**နွံ့ယဉ်**

## မှတ်ကျောက်

\- ရဲစွမ်းအရာ
အမြဲလျှမ်းဖြာ ပြောင်စေအုံး(ဦး)၊
လူမျိုးနှင့် နိုင်ငံပြည်
ပြိုင်စံမီ မချစ်တတ်လျှင်
အဆိပ်ခွာတ်ဖုံး။

\- အင်အားအရာ
ဆင်ကျားပမာ ဘယ်လောက်ကြီး၊
လူမျိုးနှင့် နိုင်ငံပြည်
ပြိုင်စံတည် မချစ်တတ်လျှင်
အဆိပ်ခွာတ်ချည်း။

\- ပညာအရာ
ထင်မြင်သာ ချွန်သော်လည်း၊
လူမျိုးနှင့် နိုင်ငံပြည်
ပြိုင်စံညီ မချစ်တတ်လျှင်
အဆိပ်ခွာတ်ပဲ။

\- သတ္တိအားပညာ
မင်္ဂလာ တည်စေပြု၊
နိုင်ငံအကျိုး
လူမျိုးသိက္ခာ
ထိပ်မှာ ပန်ဆင်သမှ
"စံတင်လှ"ဟု။ ။

**ချစ်စုအောင်**

# ဝမ်းတွင်းမြို့နယ် ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘုရားဖြူကျေးရွာအုပ်စု ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၁၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကံကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၁ ဦးကို ငွေကျပ် ၄၁ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၇ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ အမေရိကန်တပ်မတော် ပါဝင်မှုအင်အားလျှော့ချရန် သမ္မတ ဒေါ်နယ်ထရမ့် ညွှန်ကြား



**ဝါရှင်တန် ဩဂုတ် ၁၇**

တောင်ကိုရီးယား နိုင်ငံနှင့် ပူးတွဲ ပြုလုပ်မည့်အာလ်ချီဖရီး ဒမ်းရှီးလ် နှစ်စဉ်ပူးတွဲ စစ်ရေး လေ့ကျင့်မှုတွင် အမေရိကန် တပ်မတော် ပါဝင်မှုအင်အား လျှော့ချရန် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၁၆ ရက်တွင် ညွှန်ကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စစ်ရေးလေ့ကျင့်မှု ကုန်ကျစရိတ်နှင့် အီရန်ကို စစ်ရေးအရ တိုက်ခိုက်ရာတွင်ပါဝင်ရန် တောင်ကိုရီးယားက ငြင်းပယ်ခဲ့မှုကို အကြောင်းပြု၍ အာလ်ချီဖရီး ဒမ်းရှီးလ် ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ ပါဝင်မှုအင်အား လျှော့ချရန် သမ္မတ ဒေါ်နယ်ထရမ့်က ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တောင်ကိုရီးယား၌ တပ်စွဲထားသည့် အမေရိကန် တပ်ဖွဲ့ဝင် ဦးရေ ၂၈၅၀၀ တို့၏ ကုန်ကျစရိတ်နှင့် ပတ်သက်၍ တောင်ကိုရီးယားအစိုးရနှင့်အငြင်းပွားမှုများ ဖြစ်ခဲ့ပြီးနောက် နှစ်နိုင်ငံပူးတွဲစစ်ရေး လေ့ကျင့်မှုများကို ရပ်ဆိုင်းရန် သို့မဟုတ် လျှော့ချရန် ယခင်ကပင် ကြိုးစားခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် အာလ်ချီဖရီး ဒမ်းရှီးလ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဩဂုတ် ၁၇ ရက်မှ ၂၇ ရက်ထိ ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရပြီးနောက် ဟော်မုဇ်ရေလက်ကြားအတွင်း သင်္ဘောသွားလာမှု ကျဆင်း

**တီဟီရန် ဩဂုတ် ၁၇**

ရေနံတင် သင်္ဘောများတိုက်ခိုက်ခံခဲ့ရပြီးနောက် ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်ပိုင်းတွင် မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြားအတွင်း ရေကြောင်းသွားလာမှုများ ကျဆင်းခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ပင်လယ် ရေကြောင်းခရီးစဉ် စောင့်ကြည့်ရေး သတင်းဝက်ဘ်ဆိုက်များ၏ အဆိုအရ ဩဂုတ် ၁၅ ရက်တွင် ဟော်မုဇ်ရေလက်ကြားကို အထွေထွေကုန်တင်သင်္ဘော ငါးစီးသာ ဖြတ်သန်းခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် မည်သည့်သင်္ဘောမျှ ဖြတ်သန်းခဲ့ခြင်း မရှိကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက ဩဂုတ် ၈ ရက်နှင့် ၉ ရက် ရက်သတ္တပတ်ကုန် နှစ်ရက်အတွင်းသာ ဟော်မုဇ် ရေလက်ကြားကို ဖြတ်သန်းခဲ့သော သင်္ဘော ၃၁ စီးထိ ရှိခဲ့သည်။

ငါးလကျော်ကြာ အီရန်စစ်ရေး ပဋိပက္ခပြီးဆုံးရေးအတွက် အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား ဆွေးနွေးပွဲများ ရပ်တန့်နေချိန်တွင် ဟော်မုဇ်ရေလက်ကြား၌ ရေကြောင်း သွားလာမှုများ ကျဆင်းလာခြင်းဖြစ်သည်။

ဟော်မုဇ် ရေလက်ကြားသည် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု လုပ်ငန်းအတွက် အရေးကြီးသည့် မဟာဗျူဟာမြောက် ရေလမ်းကြောင်း ဖြစ်သည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်စစ်ရေးပဋိပက္ခမဖြစ်ပွားမီကာလများက ဟော်မုဇ် ရေလက်ကြားကို ဖြတ်သန်းသည့် သင်္ဘောမှာ တစ်ရက်လျှင် အစီးရေ ၁၃၀ မှ ၁၄၀ ထိ ရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ကွယ်လွန်သူ သမ္မတဟောင်း ကျန်ဇီမင်း မွေးနေ့နှစ် ၁၀၀ ပြည့် အခမ်းအနား ပေကျင်းမြို့၌ ကျင်းပ

**ပေကျင်း ဩဂုတ် ၁၇**

ကွယ်လွန်သူ သမ္မတဟောင်း ကျန်ဇီမင်းမွေးနေ့နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားကို ပေကျင်းမြို့ ပြည်သူ့မဟာ ခန်းမဆောင်၌ ယနေ့တွင် ကျင်းပခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

သမ္မတဟောင်း ကျန်ဇီမင်း မွေးနေ့နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် အပါအဝင် တရုတ်ထိပ်တန်း ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်က မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ကာ ကျန်ဇီမင်း၏ နိုင်ငံရေးလမ်းစဉ်နှင့် သဘောတရားများကို ဆက်လက်အကောင်အထည်ဖော်ရန် တိုက်တွန်းခဲ့သည်။

သမ္မတဟောင်း ကျန်ဇီမင်းသည် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုကို တွန်းအားပေးသည့် အင်ဂျင် တစ်လုံးအဖြစ်သို့ တရုတ်စီးပွားရေးပြောင်းလဲလာမှု ကာလ အတွင်း တရုတ်နိုင်ငံကို ဦးဆောင်ခဲ့သူဖြစ်သည်။

၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ တရုတ်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သော ကျန်ဇီမင်းသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၉၆ နှစ်ရှိပြီ ဖြစ်သည်။

တရုတ်သမ္မတဟောင်း ကျန်ဇီမင်းကို ၁၉၂၆ ခုနှစ် ဩဂုတ် ၁၇ရက်တွင် တရုတ်နိုင်ငံ ကျန်းဆုပြည်နယ် ယန်ကျိုးမြို့၌ မွေးဖွားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO




# ပြည်တွင်းကလေးမွေးဖွားမှုနှုန်း ကျား၊ မ အချိုးအစားကို လျှော့ချရန် ဗီယက်နမ်အစိုးရရည်ရွယ်

**ဟနွိုင်း ဩဂုတ် ၁၇**

ပြည်တွင်း ကလေးမွေးဖွားမှုနှုန်း ကျား၊မ လိင်အချိုးအစားကိုလျှော့ချရန် ဗီယက်နမ်အစိုးရက ဆန္ဒရှိနေကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဗီယက်နမ်အနေဖြင့် ပြည်တွင်းကလေးမွေးဖွားမှုနှုန်း၏ ကျား၊ မ လိင်အချိုးအစားကို ၂၀၃၅ ခုနှစ် အရောက်တွင် မိန်းကလေး ဦးရေ ၁၀၀ လျှင် ယောကျ်ားလေး ၁၀၆ ဦးခန့်ထိလျှော့ချနိုင်ရန် ရည်မှန်းထားကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာန စီမံကိန်း မူကြမ်းတစ်ရပ်၌ ဖော်ပြထားသည်။

ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာန စီမံကိန်းမူကြမ်းအရ ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ကလေးမွေးဖွားမှုနှုန်း၏ ကျား၊ မ လိင်အချိုးအစားကို မိန်းကလေး ဦးရေ၁၀၀ လျှင် ယောကျ်ားလေး ၁၀၈ ဦးနှုန်းထိ လည်းကောင်း၊ ၂၀၃၅ ခုနှစ် အရောက်တွင် မိန်းကလေး ဦးရေ ၁၀၀ လျှင် ယောကျ်ားလေး ၁၀၆ ဦးနှုန်းထိ လည်းကောင်း လျှော့ချရန် ရည်ရွယ်ထားကြောင်း သိရသည်။

ထို့ပြင် ရင်သွေးရယူလိုသူများအတွက် လိင်ရွေးချယ်မှုဝန်ဆောင်မှုလုပ်ငန်းများကို ကန့်သတ်ရန်၊ သားယောကျ်ားလေး ရယူရန် ပိုလိုလားသည့် အစဉ်အလာခံယူချက်များကို တိုက်ဖျက်ရန်လည်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာန စီမံကိန်းမူကြမ်း၌ အဆိုပြုထားသည်။

ဗီယက်နမ်နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်း ကျား၊မ အချိုးအစား၌ ယောကျ်ားလေးဦးရေ မြင့်မားမှုသည် အာရှ၌ အမြင့်ဆုံးအချိုးအစားများထဲတွင် ပါဝင်သည်။

၂၀၁၈ ခုနှစ်တွင် ဗီယက်နမ် ပြည်တွင်း ကလေးမွေးဖွားမှုနှုန်း၏ ကျား၊ မ လိင်အချိုးအစားသည် အမြင့်ဆုံးရောက်ရှိခဲ့ပြီး မိန်းကလေး ဦးရေ ၁၀၀ လျှင် ယောကျ်ားလေး ၁၁၄ ဒသမ ၈ ဦးထိရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ပြည်ပသြဇာလွှမ်းမိုးမှု ကန့်သတ်ရေးဥပဒေကြမ်း၏ အထွေထွေမှုများ အီရန်လွှတ်တော်အတည်ပြု



**တီဟီရန် ဩဂုတ် ၁၇**

အမေရိကန်မီဒီယာ အပါအဝင် အီရန်၏ ရန်ဘက်မီဒီယာများနှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်မှု၊ အဆက်အသွယ် ပြုလုပ်မှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်မည့် ပြည်ပသြဇာလွှမ်းမိုးမှု ကန့်သတ်ရေးဥပဒေကြမ်း၏ အထွေထွေမှုများကို အီရန်လွှတ်တော်က ဩဂုတ် ၁၆ ရက်တွင် အတည်ပြုခဲ့ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။


လက်ရှိတွင် အီရန်လွှတ်တော်အနေဖြင့် အဆိုပါဥပဒေကြမ်းကို ဆွေးနွေးခြင်း၊ အတည်ပြုခြင်းများ မရှိသေးကြောင်း အီရန်လွှတ်တော် တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အဆိုပါ ဥပဒေကြမ်းအတွက် အဆိုပြုပြဋ္ဌာန်းချက်များအရ အီရန်မီဒီယာများနှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်မှု၊ ဆွေးနွေးပွဲများ၌ ပါဝင်မှုများကို ပိတ်ပင်ထားပြီး ထိုပိတ်ပင်ချက်ကို ချိုးဖောက်ခဲ့ပါက ထောင်ဒဏ်ခြောက်လမှ နှစ်နှစ်ထိချမှတ်နိုင်ကြောင်း သိရသည်။

ထို့ပြင် အခြားပြည်ပမီဒီယာများနှင့် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်မည်ဆိုပါက အီရန်ထောက်လှမ်းရေးဝန်ကြီးဌာနထံ ကြိုတင်အကြောင်းကြားရမည်ဟု အဆိုပြုပြဋ္ဌာန်းချက်များ၌ ဖော်ပြထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များက Cosmo Cube ဂြိုဟ်တုတစ်စင်းဖြင့် စကြဝဠာ၏အမှောင်ခေတ်ကို လေ့လာစူးစမ်းရန်စီစဉ်



လန်ဒန် ဩဂုတ် ၁၇

ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် Cosmo Cube အမည်ရှိ လက်ဆွဲသေတ္တာအရွယ် ဂြိုဟ်တုတစ်စင်းဖြင့် စကြဝဠာ၏အမှောင်ခေတ်ကို လေ့လာစူးစမ်းရန် စီစဉ်ထားကြောင်း ဩဂုတ် ၁၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးစတင်ဖြစ်ပွားခဲ့ချိန်နှင့် ပထမဆုံးကြယ်များ ပေါ်ထွက်လာသည့် ကာလကြား နှစ်ပေါင်းသန်း ၁၅၀ ကို စကြဝဠာ၏အမှောင်ခေတ်အဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။

Cosmo Cube ဂြိုဟ်တုသည် လကမ္ဘာအခြားဘက်ခြမ်းအနီးရှိ ပတ်လမ်းပေါ်တွင် နေရာယူ၍ စကြဝဠာ အမှောင်ခေတ်ကို စူးစမ်းလေ့လာမည်ဖြစ်သည်။

Cosmo Cube ဂြိုဟ်တုသည် စကြဝဠာ အမှောင်ခေတ်ကာလ ဟိုက်ဒရိုဂျင် အက်တမ်များက ထုတ်လွှတ်ခဲ့သော ကြိမ်နှုန်းနိမ့် ရေဒီယိုလှိုင်းများ ထောက်လှမ်းဖမ်းယူ၍ စကြဝဠာအမှောင်ခေတ်ကိုစူးစမ်းလေ့လာမည်ဖြစ်ကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၃ ဒသမ ၅ ဘီလီယံရှိသည့် အထက်ပါ ရေဒီယိုလှိုင်းများကို ကမ္ဘာမြေပေါ်မှတစ်ဆင့် လေ့လာရာတွင် ကမ္ဘာဂြိုဟ်ပေါ်ရှိ ရေဒီယိုလှိုင်းများနှင့် အိုင်အိုနိုစဖီးယားလေထုလွှာတို့ကြောင့် အခက်အခဲရှိတတ်သည်။

သို့ဖြစ်ရာ စကြဝဠာအမှောင်ခေတ်ကို လေ့လာရာတွင် အခြားရေဒီယိုလှိုင်းအနှောင့်အယှက်များ ကင်းလွတ်သည့် လကမ္ဘာအခြားဘက်ခြမ်းသည် အကောင်းဆုံးနေရာဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားထားသည်။

Ref : Xinhua News

Trs : KKO

# ဆီးကျိတ်ကင်ဆာရောဂါ ဆေးဝါးများက အဝလွန်မှုနှင့်ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားနိုင်

နယူးယောက် ဩဂုတ် ၁၇

ဆီးကျိတ်ကင်ဆာရောဂါကို ကုသရာတွင် အသုံးပြုသည့်ဆေးများသည် အဝလွန်မှုနှင့် ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၁၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆီးကျိတ်ကင်ဆာရောဂါကို ကုသရာတွင် အသုံးပြုသည့် ကုထုံးများထဲတွင် လူ့ကိုယ်ခန္ဓာက ထုတ်ပေးနိုင်သည့် တက်စတိုစတာရုန်းဟော်မုန်းအဆင့်ကို လျှော့ချပေးနိုင်သည့် ADT ခေါ် ကုထုံးတစ်မျိုးလည်း ပါဝင်ကြောင်း၊ ဆီးကျိတ်ကင်ဆာသည် ကင်ဆာဆဲလ်များ ကြီးထွားရေးအတွက် တက်စတိုစတာရုန်း ဟော်မုန်းများအပေါ် အားပြုနေရသည်ဖြစ်ရာ တက်စတိုစတာရုန်း ဟော်မုန်းအဆင့်ကို လျှော့ချခြင်းဖြင့် ကင်ဆာဆဲလ်များ ကြီးထွားမှုကို ဟန့်တားနိုင်သည်။

အလားတူ ဆီးကျိတ်ကင်ဆာကို ကုသရာတွင် ADT ကုထုံးနှင့်အတူ လက်ကျန်တက်စတိုစတာရုန်းဟော်မုန်းများကို ကင်ဆာဆဲလ်များ အသုံးမချနိုင်စေရန် တားဆီးပေးသည့် ARPIS ခေါ် ကုထုံးတစ်မျိုးကိုလည်း တွဲဖက်အသုံးပြုလေ့ရှိသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ ADT ဆေးဝါးများနှင့် ARPIS ဆေးဝါးများကြောင့် အဝလွန်မှု၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများဖြစ်နိုင်ခြေများ မြင့်တက်လာနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# အားစိုက်ရသည့်လေ့ကျင့်ခန်းများကို မိနစ်အနည်းငယ်ကြာ ပြုလုပ်ပေးခြင်းဖြင့် ကျန်းမာရေးကို ထိရောက်စွာအထောက်အကူပြုနိုင်

နယူးယောက် ဩဂုတ် ၁၇

အားစိုက်ရသည့် လေ့ကျင့်ခန်းများကို မိနစ်အနည်းငယ်ကြာ ပြုလုပ်ပေးခြင်းဖြင့် ကျန်းမာရေးကို ထိရောက်စွာအထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၁၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အရွယ်ရောက်သူများ အနေဖြင့် တစ်ပတ်လျှင် အနည်းဆုံး မိနစ် ၁၀၀ ကြာမျှ အထိုက်အလျောက် အားစိုက်ရန်လိုအပ်သည့် လေ့ကျင့်ခန်းများပြုလုပ်သင့်ကြောင်း ဆေးပညာရှင်များက အကြံပြုထားသည်။

သို့ရာတွင် အမေရိကန်သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အားစိုက်ရန်လိုအပ်သည့် လေ့ကျင့်ခန်းများကို အချိန်တို ပြုလုပ်ပေးခြင်းသည် နှလုံးရောဂါနှင့် ဆီးချိုရောဂါအပါအဝင် ကျန်းမာရေးပြဿနာ အမျိုးမျိုးဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည့် အကောင်းဆုံးနည်းလမ်းတစ်ရပ်ဖြစ်နိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အားစိုက်ရသည့် လေ့ကျင့်ခန်းများကို မိနစ်အနည်းငယ်ကြာ ပြင်းပြင်းထန်ထန် ပြုလုပ်ပေးခြင်းဖြင့် လူ့ကိုယ်တွင်း၌ မော်လီကျူးအဆင့် ပြောင်းလဲမှုများ သိသိသာသာ ပေါ်ထွက်လာနိုင်ကြောင်း၊ စက်ဘီးစီးလေ့ကျင့်ခန်းကို တစ်ကြိမ်လျှင် စက္ကန့် ၃၀ ကြာပြုလုပ်၍ တစ်ကြိမ်နှင့်တစ်ကြိမ်ကြား လေးမိနစ်နား၍ ခြောက်ကြိမ်ထိ ပြုလုပ်ပေးမှုသည် ကျန်းမာရေးအတွက် အထိရောက်ဆုံးနည်းလမ်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# နေအပြည့်ကြတ်မှုဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် လကြတ်မှုဖြစ်စဉ်တစ်ရပ်လည်း ပေါ်ထွက်မည်

ဝါရှင်တန် ဩဂုတ် ၁၇

ဩဂုတ် ၁၂ ရက်တွင် နေအပြည့်ကြတ်မှု ဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် လာမည့် ဩဂုတ် ၂၈ ရက်တွင်လည်း လကြတ်မှုဖြစ်စဉ်တစ်ရပ် ပေါ်ထွက်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ ဩဂုတ် ၁၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဩဂုတ် ၂၈ ရက် လကြတ်မှုဖြစ်စဉ်အတွင်း လကမ္ဘာတစ်ခုလုံးနီးပါးသည် ကမ္ဘာဂြိုဟ်၏အမည်းမှောင်ဆုံး အရိပ်အောက်သို့ ဝင်ရောက်မည်ဖြစ်သည်။



အဆိုပါ လကြတ်မှုဖြစ်စဉ်သည် တစ်စိတ်တစ်ပိုင်း လကြတ်မှု ဖြစ်သော်လည်း လကြတ်မှုအမြင့်ဆုံးအဆင့်သို့ ရောက်ရှိချိန်တွင် လကမ္ဘာ၏ ၉၃ ရာခိုင်နှုန်းကို ကမ္ဘာဂြိုဟ်၏အရိပ်က ဖုံးလွှမ်းထားမည်ဖြစ်သည်။

ဩဂုတ် ၂၈ ရက် လကြတ်မှုဖြစ်စဉ်ကို အမေရိက၊ ဥရောပ၊ အာဖရိကနှင့် အနောက်အာရှနိုင်ငံတို့မှပြည်သူများ တွေ့မြင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

လကြတ်မှု ဖြစ်စဉ်များသည် နေ၊ ကမ္ဘာနှင့်လတို့ တစ်တန်းတည်းကျရောက်နေပြီး လပေါ်သို့ ကမ္ဘာ၏အရိပ်ထိုးကျချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# လကမ္ဘာတောင်ဝင်ရိုးစွန်းအနီး၌ အမြဲတမ်းအခြေစိုက်စခန်းတည်ဆောက်ရေးတွင်ပါဝင်ရန် နာဆာက အိန္ဒိယအာကာသအေဂျင်စီကို တရားဝင်ဖိတ်ခေါ်ထား

ဝါရှင်တန် ဩဂုတ် ၁၇

လကမ္ဘာတောင်ဝင်ရိုးစွန်းအနီး၌ အမြဲတမ်း အခြေစိုက်စခန်း တည်ဆောက်ရေး အစီအစဉ်တွင် ပါဝင်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က အိန္ဒိယ အာကာသအေဂျင်စီကို တရားဝင် ဖိတ်ခေါ်ထားကြောင်း ဩဂုတ် ၁၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ ဘန်ဂါလူရူမြို့ အိန္ဒိယ အာကာသအေဂျင်စီဌာနချုပ်၌ လွန်ခဲ့သည့် တစ်ပတ်က ကျင်းပခဲ့သော အမေရိကန်-အိန္ဒိယ အရပ်ဘက်အာကာသပူးတွဲအလုပ်အဖွဲ့ အစည်းအဝေးတွင် နာဆာက အထက်ပါအတိုင်း ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် နာဆာသည် လကမ္ဘာအမြဲတမ်းအခြေစိုက်စခန်း တည်ဆောက်ရေးစီမံကိန်း၌ ပါဝင်ရန် အိန္ဒိယအာကာသအေဂျင်စီကို ဖိတ်ကြားခဲ့သကဲ့သို့ အားတီးမစ် မစ်ရှင်သဘောတူညီချက်အရ သိပ္ပံဆိုင်ရာ အချက်အလက်များ ဖလှယ်ရေးလုပ်ငန်းစဉ်တွင်လည်း ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

နာဆာနှင့် အိန္ဒိယအာကာသ အေဂျင်စီတို့သည် အမေရိကန်နှင့် အိန္ဒိယ အရပ်ဘက် အာကာသ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့က ၂၀၀၅ ခုနှစ်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် လကမ္ဘာ အမြဲတမ်းအခြေစိုက်စခန်း တည်ဆောက်ရေး စီမံကိန်းပထမအဆင့်ကို ၂၀၂၉ ခုနှစ်နှင့် ၂၀၃၂ ခုနှစ်ကြားတွင် စတင်ရန် စီစဉ်ထားသည်။

အိန္ဒိယ အာကာသအေဂျင်စီသည်လည်း ၂၀၄၀ ပြည့်နှစ်တွင် လကမ္ဘာပေါ်၌ အခြေစိုက်စခန်း တစ်ခုတည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# PGA Tour St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို စကော့တီရှက်ဖလာဆွတ်ခူး



**တန်နက်စီ ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ တန်နက်ဆီပြည်နယ် မမ်ဖစ်မြို့တွင် ကျင်းပခဲ့သည့် PGA Tour St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်မ်စီဝူက စုစုပေါင်း သတ်မှတ်ရိုက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ရပ်တည်ခဲ့ပြီး ဆွီဒင်ဂေါက်သီးရိုက် ကစားသမားနိုရန်နှင့် အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဆမ်ဘန်းတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့သည်။

စကော့တီရှက်ဖလာက "ဒီနှစ်အတွင်း ခက်ခဲတဲ့ကာလတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အောင်မြင်မှုရခဲ့လို့ဝမ်းသာမိပေမဲ့လဲ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ ပြိုင်ပွဲပြီးတိုင်း ခံစားမိတဲ့ခံစားချက် အတိုင်းပါပဲ။ ဒါ့ကြောင့် ရလဒ် ဘယ်လိုပဲဖြစ်ခဲ့ပါစေ စိတ်ပျက်တဲ့ ခံစားချက်မျိုး မဖြစ်ခဲ့ပါဘူး။ နောက်ထပ် အောင်မြင်မှုတွေ ဆက်လက် ဆွတ်ခူးနိုင်ဖို့အတွက် ခွန်အားဖြစ်စေပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic

Trs : AZL

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် ရှေဝတီအသင်းက စင်ကာပူကလပ် FC Jurongအသင်းကို ဂိုးပြတ်အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှေဝတီအသင်းနှင့် စင်ကာပူကလပ် FC Jourong အသင်းတို့ကစားခဲ့ရာ ရှေဝတီအသင်းက လေးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။




အဆိုပါပွဲစဉ်၌ ရှေဝတီအသင်း ပြည်ပကစားသမားအများစုပါဝင်လာခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၃၄ မိနစ်တွင် ကာဆာရီက ရှေဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် ရှေဝတီအသင်းက တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပြည်ပကစားသမားများနှင့် ပြည်တွင်းကစားသမားများကြား ချိတ်ဆက်ကစားပုံ အားနည်းမှုများကြောင့် တိုက်စစ်ပိုင်း အနည်းငယ်ရုန်းကန်ခဲ့ရသည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှေဝတီအသင်းက တိုက်စစ်ပိုင်း အပြောင်းအလဲလုပ်ဆောင်ခဲ့ကာ ဝါရင့်ကစားသမား ဝင်းသိင်္ဂီထွန်းနှင့် လင်းမြင့်မိုရ်တို့ကိုထည့်သွင်း အသုံးပြုခဲ့ပြီးနောက် ပွဲချိန် ၅၅ မိနစ်တွင် ဝင်းသိင်္ဂီထွန်းနှင့် ပွဲချိန် ၅၉ မိနစ်တွင် လင်းမြင့်မိုရ်တို့က ရှေဝတီအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့သကဲ့သို့ ပွဲချိန် ၇၈ မိနစ်တွင်လည်း ဝင်းသိင်္ဂီထွန်းက စတုတ္ထဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှေဝတီအသင်းက လေးဂိုးဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရှေဝတီအသင်းသည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ဩဂုတ် ၂၀ ရက်တွင် လက်ဘနွန်ကလပ် No Limited FC အသင်းနှင့် ဆက်လက် ကစားရမည်ဖြစ်ကြောင်းသိရသည်။ STA

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**

၂၀၂၆ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များကို ယနေ့ မွန်းတည့် ၁၂ နာရီမှစတင်ပြီး ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့ရုံတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာ လက်ဝှေ့ပြိုင်ပွဲ ၆၃ ဒသမ ၅ ကီလိုတန်းဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ကောင်းခန့်ဇော်(မန္တလေး)နှင့် မင်းခန့်ဇော်(ရန်ကုန်)တို့ ပွဲစဉ်တွင် ကောင်းခန့်ဇော်(မန္တလေး)၊ မြင့်အေး(မွန်)နှင့် လွင်ကိုကိုထက်(ပဲခူး)တို့ပွဲစဉ်တွင် လွင်ကိုကိုထက်(ပဲခူး)၊ ၆၇ ကီလိုတန်းဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် အောင်ကောင်းမြတ်(ပဲခူး)နှင့် စောသိန်းဇော်မြင့်(မွန်)တို့ပွဲစဉ်တွင် အောင်ကောင်းမြတ်(ပဲခူး)၊ ထက်ပိုင်စိုး(တနင်္သာရီ)နှင့် စောအောင်ချစ်ကြည်(ကရင်)တို့ ပွဲစဉ်တွင် စောအောင်ချစ်ကြည်(ကရင်)တို့က အနိုင်ရခဲ့သည်။

အမျိုးသား ၅၁ကီလိုတန်းဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဟန်ထူးဇော်(နေပြည်တော်)နှင့် စိုးမိုးလွင်(ရှေဝတီ)တို့ပွဲစဉ်တွင် ဟန်ထူးဇော်(နေပြည်တော်)၊ ကောင်းခန့်ကျော်(ပဲခူး)နှင့် မင်းသစ္စာ(ကရင်)တို့ပွဲစဉ်တွင် မင်းသစ္စာ(ကရင်)၊ အမျိုးသား ၅၄ ကီလိုတန်းဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ်အောင်ကျော်ကျော်(ရန်ကုန်)နှင့် ပြည့်စုံဖြိုး(မွန်)တို့ပွဲစဉ်တွင် အောင်ကျော်ကျော်(ရန်ကုန်)၊ အံ့ထူးခန့်(မန္တလေး)နှင့် စောပစော်ဖော(ကရင်) တို့ပွဲစဉ်တွင် စောပစော်ဖော(ကရင်)တို့က အသီးသီး အနိုင်ရခဲ့သည်။

အမျိုးသမီး ၅၁ကီလိုတန်းဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် နန်းခင်နှင်းထက်(ကရင်)နှင့် ရဝေလှိုင်(ပဲခူး)တို့ ပွဲစဉ်တွင် ရဝေလှိုင်(ပဲခူး)၊ သက်ထားဖိုလ်(မန္တလေး) နှင့် နော်ပွင့်ချောစု(မွန်)တို့ ပွဲစဉ်တွင် သက်ထားဖိုလ် (မန္တလေး)၊ အမျိုးသမီး ၅၇ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် နန်းမြင့်မြင့်အေး(မွန်)နှင့် နန်းသဇ္ဇာမိုး(ကရင်)တို့ပွဲစဉ်တွင်နန်းသဇ္ဇာမိုး(ကရင်)၊ ပိုင်ပိုင်စံ(ကယား)နှင့် ခင်စန္ဒာအောင်(ရှမ်း)တို့ပွဲစဉ်တွင် ခင်စန္ဒာအောင်(ရှမ်း)တို့က အသီးသီးအနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ STA

# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲတွင် ရာသီဝက်ချန်ပီယံအဖြစ် ISPE အသင်းရပ်တည်

**ရန်ကုန် ဩဂုတ် ၁၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ဩဂုတ် ၁၆ ရက်က ရာသီဝက်ကာလပြီးဆုံးချိန်တွင် ISPEအသင်းက ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲကိုပြိုင်ပွဲဝင်အသင်း၁၄ သင်းဖြင့် ရန်ကုန်မြို့တွင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပထမရာသီဝက်ကာလပြီးဆုံးချိန်တွင် ISPE အသင်းက ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၃၂ မှတ်ဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ISPE အသင်းနောက်တွင် ဒဂုံစတားအသင်းက ရမှတ် ၂၈ မှတ်ဖြင့် အဆင့်(၂)၊ ရန်ကုန်ယူနိုက်တက်အသင်းက ၂၇ မှတ်ဖြင့် အဆင့်(၃)၊ သစ္စာအားမာန်အသင်းက ၂၄ မှတ်ဖြင့် အဆင့်(၄)၊ ဖယ်လ်ကွန်အက်ဖ်စီ အသင်းက ဂိုးကွာခြားချက်အသာ ၂၂ မှတ်ဖြင့် အဆင့်(၅)၊ ရှမ်းယူနိုက်တက်အသင်းက ၂၂ မှတ်ဖြင့် အဆင့်(၆)၊ ရတနာပုံအက်ဖ်စီအသင်းက ၂၁ မှတ်ဖြင့် အဆင့်(၇)၊ ဂလက်ဆီအက်ဖ်စီအသင်းက ၁၉ မှတ်ဖြင့် အဆင့်(၈)၊ ရန်ကုန်စီးတီးအသင်းက ၁၈ မှတ်ဖြင့် အဆင့်(၉)၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၄ မှတ်ဖြင့် အဆင့်(၁၀)၊ ရှေဝတီယူနိုက်တက်အသင်းက ၁၃ မှတ်ဖြင့် အဆင့်(၁၁)၊ စစ်ကိုင်းယူနိုက်တက်အသင်းက ၁၁ မှတ်ဖြင့် အဆင့်(၁၂)၊ မြဝတီအက်ဖ်စီအသင်းက ခြောက်မှတ်ဖြင့် အဆင့်(၁၃)၊ ချင်းလန်းအက်ဖ်စီအသင်းက တစ်မှတ်ဖြင့် အဆင့်(၁၄)နေရာတွင်အသီးသီး ရပ်တည်ခဲ့ကြသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ဒုတိယရာသီဝက် ကျင်းပမည့်ရက်နှင့် ပွဲစဉ်ဇယားများကို မြန်မာ နေရှင်နယ်လိဂ်ကော်မတီက ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

STA

# အိန္ဒိယအိုးပင်းကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဟိန်းထွဋ်က ပိုလန်မှ ဆက်မာနော့စကီးကိုအနိုင်ရ

**ရန်ကုန် ဩဂုတ် ၁၇**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပနေသည့် အိန္ဒိယအိုးပင်း ကြက်တောင်ရိုက်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ၆၄ ဦး ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် မြန်မာကြက်တောင်ရိုက် ကစားသမား ဟိန်းထွဋ်နှင့် ပိုလန်ကြက်တောင်ရိုက် ကစားသမား ဆက်မာနော့စကီးတို့ ကစားခဲ့ရာ ဟိန်းထွဋ်က နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး နောက်တစ်ဆင့် တက်ရောက်ခဲ့ကြောင်း သိရသည်။




အဆိုပါပွဲစဉ်တွင် ကမ္ဘာ့အဆင့်(၁၃၂)နေရာ၌ ရပ်တည်နေသည့် ဟိန်းထွဋ်က ကမ္ဘာ့အဆင့်(၁၂၁)နေရာတွင် ရပ်တည်နေသည့် ဆက်မာနော့စကီးကို လက်ရည်အသာဖြင့် ဖိအားပေးကစားခဲ့ကာ ပထမပွဲငယ်တွင်(၁၇-၂၁)၊ ဒုတိယပွဲငယ်တွင် (၁၀-၂၁) ရလဒ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရခဲ့ပြီးနောက် ၃၂ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲသည် ကမ္ဘာ့ကြက်တောင်ရိုက်အဖွဲ့ချုပ်(BWF) အသိအမှတ်ပြုပြိုင်ပွဲတစ်ခုဖြစ်ပြီး ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် အကျုံးဝင်သည့်အတွက် အိုလံပစ်အားကစားပွဲတော် ဝင်ရောက်ရန် ကြိုးပမ်းနေသည့် ဟိန်းထွဋ်၏ အနေဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ ပိုမိုမြင့်တက်လာစေရန် ဝင်ရောက် ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

ဟိန်းထွဋ်သည် အိန္ဒိယအိုးပင်း ကြက်တောင်ရိုက် ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ ၃၂ဦး ရှုံးထွက်အဆင့်တွင် ကမ္ဘာ့အဆင့်(၁၅) ပြင်သစ် ကြက်တောင်ရိုက် ကစားသမား ပိုပေါ့ဗ်နှင့် ဆက်လက်ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၆ အမျိုးသမီးအာဖရိကဖလားပြိုင်ပွဲတွင် မာလာဝီအသင်းကို အနိုင်ရပြီး ကင်မရွန်းအသင်း ပထမဆုံးအကြိမ် ချန်ပီယံဆုဖလားဆွတ်ခူး




ရာဘတ် ဩဂုတ် ၁၇

မော်ရိုကိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၂၆ အမျိုးသမီး အာဖရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကင်မရွန်းအသင်းနှင့် မာလာဝီအသင်းတို့ ကစားခဲ့ရာ ကင်မရွန်းအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ပထမဆုံးအကြိမ် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ အမျိုးသမီးအာဖရိကဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ကင်မရွန်းအသင်းသည် အိမ်ရှင် မော်ရိုကိုအသင်းနှင့်ကစားခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး မာလာဝီအသင်းက အယ်လ်ဂျီးရီးယားအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲအဆင့်တက်ရောက်ခဲ့ခြင်းဖြစ် သည်။

အဆိုပါ ဗိုလ်လုပွဲစဉ်တွင် ကင်မရွန်းအသင်းက မာလာဝီအသင်းကို ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ပြီး ပွဲချိန် မိနစ် ၂၀ တွင် မာရီအန်ဒါမန်ဂါ၊ ပွဲချိန် ၂၉ မိနစ်တွင် နာအိုမီအီတိုး၊ ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို သုံးမိနစ်တွင် မာရီအန်ဒါမန်ဂါကပင် ကင်မရွန်းအသင်းအတွက် တတိယဦးဆောင်ဂိုး သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်၌ ကင်မရွန်းအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရကာ ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

၂၀၂၆ အမျိုးသမီးအာဖရိကဖလားပြိုင်ပွဲအပြီး ချန်ပီယံဆုဆွတ်ခူးခဲ့သည့် ကင်မရွန်းအသင်း၊ ဒုတိယဆုရရှိခဲ့သည့် မာလာဝီအသင်း၊ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ခဲ့သည့် မော်ရိုကိုအသင်း၊ အယ်လ်ဂျီးရီးယားအသင်း စသည့်အသင်းတို့သည် လာမည့် ၂၀၂၇ ခုနှစ်တွင် ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၇ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ခွင့်ရရှိခဲ့ကြကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ဥရောပပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အီတလီနိုင်ငံ ထိပ်ဆုံး၌ရပ်တည်

လန်ဒန် ဩဂုတ် ၁၇

အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့တွင် ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်ထိ ကျင်းပခဲ့သည့် ၂၀၂၆ ဥရောပပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲ၌ နိုင်ငံအလိုက် ဆုရရှိမှုစာရင်းတွင် အီတလီနိုင်ငံက ထိပ်ဆုံး၌ရပ်တည်ခဲ့ကြောင်း TNT Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အီတလီနိုင်ငံက ရွှေ ၁၀ခု၊ ငွေ ခြောက်ခု၊ ကြေး ခြောက်ခု စုစုပေါင်းဆုတံဆိပ် ၂၂ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၁) နေရာ၌ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ဥရောပပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲ နိုင်ငံအလိုက်အဆင့်ရပ်တည်မှု၌ အီတလီနိုင်ငံ၏ နောက်တွင် အိမ်ရှင် အင်္ဂလန်နိုင်ငံက ရွှေ ကိုးခု၊ ငွေရှစ်ခု၊ ကြေး နှစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၉ ခုဖြင့် အဆင့်(၂)၊ ဂျာမနီနိုင်ငံက ရွှေ ခြောက်ခု၊ ငွေ ၁၀ခု၊ ကြေး ငါးခု စုစုပေါင်း ၂၁ ခုဖြင့် အဆင့်(၃)၊ နယ်သာလန်နိုင်ငံက ရွှေငါးခု၊ ငွေ သုံးခု၊ ကြေး ခြောက်ခု စုစုပေါင်း ၁၄ခုဖြင့် အဆင့်(၄)၊ နော်ဝေနိုင်ငံက ရွှေ လေးခု၊ ကြေး နှစ်ခု စုစုပေါင်း ခြောက်ခုဖြင့် အဆင့်(၅)၊ ဆွစ်ဇာလန်နိုင်ငံက ရွှေ သုံးခု၊ ငွေ သုံးခု၊ ကြေး နှစ်ခု စုစုပေါင်း ခုနစ်ခုဖြင့် အဆင့်(၆)၊ စပိန်နိုင်ငံက ရွှေ နှစ်ခု၊ ငွေနှစ်ခု၊ ကြေး လေးခု စုစုပေါင်း ရှစ်ခုဖြင့် အဆင့်(၇)၊ ဆွီဒင်နိုင်ငံက ရွှေ နှစ်ခု၊ ငွေ တစ်ခု၊ ကြေး နှစ်ခု စုစုပေါင်း ငါးခုဖြင့် အဆင့်(၈)၊ အိုင်ယာလန် နိုင်ငံက ရွှေနှစ်ခု၊ ငွေနှင့် ကြေးတစ်ခုစီ စုစုပေါင်းလေးခုဖြင့် အဆင့်(၉)၊ ဖင်လန်နိုင်ငံက ရွှေနှစ်ခု၊ ငွေ တစ်ခု စုစုပေါင်း သုံးခုဖြင့် အဆင့်(၁၀)နေရာတွင် အသီးသီး ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : TNT Sports

Trs : STA




# ယခုနှစ်ဘောလုံးရာသီသည် မိမိ၏ကစားသမားဘဝ နောက်ဆုံးဘောလုံးရာသီဖြစ်လာနိုင်ကြောင်း စီရော်နယ်ဒို ပြောကြား

ရီယာ့ဒ် ဩဂုတ် ၁၇

ပေါ်တူဂီအသင်းနှင့် အယ်လ်နာဆာအသင်းမှ စီရော်နယ်ဒိုက ယခုနှစ်ဘောလုံးရာသီသည် မိမိ၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝ နောက်ဆုံးရာသီဖြစ်လာနိုင်သည်ဟု ပြောကြားခဲ့ကြောင်း Sky Newsသတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၁ နှစ်ရှိ စီရော်နယ်ဒိုသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက မန်ယူအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ပြီးနောက် အယ်လ်နာဆာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ကာ အယ်လ်နာဆာအသင်းကလည်း ၎င်း၏ မြင့်မားသည့်လုပ်ခလစာကြောင့် ထပ်မံစာချုပ်ချုပ်ဆိုခြင်းမရှိသည့်အတွက် ရာသီအကုန်တွင် အသင်းနှင့်လမ်းခွဲပြီး ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှပါ အနားယူရန်နီးစပ်နေခြင်းဖြစ်သည်။

စီရော်နယ်ဒိုက “ဒီရာသီက ကျွန်တော့်ရဲ့ ကစားသမားဘဝ နောက်ဆုံးဘောလုံးရာသီဖြစ်လာနိုင်ပါတယ်။ ကျွန်တော်ကောင်းမွန်တဲ့ အမွေအနှစ်တွေချန်ထားခဲ့ချင်ပါတယ်။ ကျွန်တော့်ရဲ့ လာမဲ့အနာဂတ်နဲ့ပတ်သက်ပြီးလဲ အားလုံးပြင်ဆင်ထားပြီးပါပြီ။ ကျွန်တော် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ၂၅ နှစ်တာကာလအတွင်း အရာအားလုံး ပေးဆပ်ခဲ့ပြီးပါပြီ။ အနားယူရမယ့် အချိန်ကလဲနီးကပ်လာပြီဆိုတာ သိပါတယ်”ဟု အင်တာဗျူးအစီအစဉ် တစ်ခုတွင် ပြောကြားခဲ့သည်။

လက်ရှိတွင် စီရော်နယ်ဒိုသည် ပရော်ဖက်ရှင်နယ်သွင်းဂိုး ၉၇၆ ဂိုးထိသွင်းယူထားပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်မည့်ပထမဆုံးကစားသမားဖြစ်လာရန်နီးစပ်လျက်ရှိနေကြောင်းသိရသည်။

Ref : Sky News

Trs : STA

# ကမ္ဘာ့စူပါဖယ်သာဝိတ်တန်းပြိုင်ဘက်ကင်း ချန်ပီယံခါးပတ်အတွက် နာဗာရက်တီက ဖော်စတာနှင့် ထိုးသတ်မည်

တက္ကဆက် ဩဂုတ် ၁၇

WBO၊ IBF ကမ္ဘာ့စူပါဖယ်သာဝိတ်တန်းချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား နာဗာရက်တီသည် WBC ကမ္ဘာ့စူပါဖယ်သာဝိတ်တန်းချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဖော်စတာနှင့် ထိုးသတ်ရန် ဆွေးနွေးမှုစတင်နေကြောင်း Ring Magazine သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

နာဗာရက်တီနှင့် ဖော်စတာတို့၏စိန်ခေါ်ပွဲသည် ကမ္ဘာ့စူပါဖယ်သာဝိတ်တန်း၏ ပြိုင်ဘက်ကင်း ချန်ပီယံခါးပတ်အတွက် ဖြစ်ပြီး လာမည့် အောက်တိုဘာ ၂၄ ရက်တွင် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အလာမိုဒိုမီမြို့၌ ထိုးသတ်မည်ဖြစ်သည်။

နာဗာရက်တီသည် The Ring Magazine ၏ စူပါဖယ်သာဝိတ်တန်းတွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်ထားကာ စိန်ခေါ်ပွဲ ၄၄ တွင် နှစ်ပွဲသာရှုံးနိမ့်ထားပြီး ဖော်စတာက ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေကာ စိန်ခေါ်ပွဲ ၂၈ ပွဲ ထိုးသတ်ထားပြီး သုံးပွဲရှုံးနိမ့်ထားသည့် ချန်ပီယံတစ်ဦးဖြစ်သည်။

နာဗာရက်တီက "ကမ္ဘာ့စူပါဖယ်သာဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံအတွက် ဖော်စတာနဲ့ထိုးသတ်သွားမှာဖြစ်ပါတယ်။ အရေးကြီးတဲ့ စိန်ခေါ်ပွဲဖြစ်ပါတယ်။ ကမ္ဘာ့ပြိုင်ဘက်ကင်း ချန်ပီယံအတွက်ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီပွဲစဉ်အတွက် အကောင်းဆုံးပြင်ဆင်သွားမယ်။ လာမဲ့အောက်တိုဘာလ အလာမိုဒိုမီမှာ ပရိသတ်တွေနဲ့ တွေ့ကြမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Ring Magazine

Trs : AZL

# ဩဂုတ်လအတွက် အမျိုးသမီးတင်းနစ်ကစားသမားများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ဆာဘာလင်ကာ ထိပ်ဆုံး၌ရပ်တည်



မင့်စ် ဩဂုတ် ၁၇

ဩဂုတ်လအတွက် အမျိုးသမီးတင်းနစ်ကစားသမားများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ ဘယ်လာရုစ်ထိပ်တန်းတင်းနစ်မယ် ဆာဘာလင်ကာက ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့ကြောင်း Sports-keeda Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နောက်ပိုင်းတင်းနစ်ပြိုင်ပွဲများတွင် ဂရင်းစလန်းဆုဖလားအပါအဝင် အဓိကဆုဖလား သုံးကြိမ်ဆွတ်ခူးထားသည့် ဆာဘာလင်ကာသည်အမျိုးသမီးတင်းနစ်ကစားသမားများတွင် ကမ္ဘာ့အဆင့်(၁)၌ ကာလအတန်ကြာ ရပ်တည်နေသူဖြစ်ပြီး ဩဂုတ်လအတွက် အဆင့်သတ်မှတ်ချက်တွင်လည်း ရမှတ် ၈၆၇၀ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်နေခြင်းဖြစ်သည်။

ဆာဘာလင်ကာ၏ နောက်တွင် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာက ၈၃၁၆ မှတ်ဖြင့် အဆင့်(၂)၊ အမေရိကန်တင်းနစ်မယ်များဖြစ်ကြသည့် ပီဂူလာက ၆၆၈၀မှတ်ဖြင့် အဆင့်(၃)၊ ကိုကိုဂတ်ဖ်က ၅၉၁၉ မှတ်ဖြင့် အဆင့်(၄)၊ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ၅၄၁၉ မှတ်ဖြင့် အဆင့်(၅)၊ ရုရှားတင်းနစ်မယ် အန်ဒရီဗာက ၅၃၂၃မှတ်ဖြင့် အဆင့်(၆)၊ ချက်တင်းနစ်မယ်များဖြစ်ကြသည့် မူချိုဗာက ၅၀၄၈ မှတ်ဖြင့် အဆင့်(၇)၊ နော့စ်ကိုဗာက ၅၀၁၆ မှတ်ဖြင့် အဆင့်(၈)၊ ယူကရိန်း တင်းနစ်မယ် စဗစ်တိုလီနာက ၄၆၃၄ မှတ်ဖြင့် အဆင့်(၉)၊ အမေရိကန် တင်းနစ်မယ် အန်နီဆီမိုဗာက ၄၃၅၃ မှတ်ဖြင့် အဆင့်(၁၀)နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

Ref : Sportskeeda Tennis

Trs : STA

# မြန်မာ့ဝါကဏ္ဍမြှင့်တင်ဖို့ မျိုးစေ့ဥပဒေကိုလိုက်နာစို့

စိုးမိုးဝင်း(စိုက်ပျိုးရေး)



မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးသမိုင်းတွင် ဝါသီးနှံသည် ပြည်တွင်းအဝတ်အထည် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ပေးသည့် အဓိကမဟာဗျူဟာမြောက် သီးနှံတစ်ခုဖြစ်သည်။ ယခုအခါ တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ဝါကဏ္ဍ ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်သမ္မတကြီးက အားသွန်ခွန်စိုက်ကြိုးပမ်းနေသည့် အချိန်ဖြစ်သည်။ သို့သော် အောင်မြင်သော စိုက်ပျိုးထုတ်လုပ်မှုဖြစ်လာစေရန် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံးအချက်မှာ "အရည်အသွေးပြည့်မီသောဝါမျိုးစေ့"ပင်ဖြစ်သည်။ ထို့ကြောင့် ဝါမျိုးစေ့များကို တောင်သူများထံ ဖြန့်ဖြူးရောင်းချနေကြသည့် ဝါမျိုးစေ့ရောင်းချသူများ မျိုးစေ့ဥပဒေလိုက်နာရေးသည် မြန်မာ့ဝါကဏ္ဍ မျှော်မှန်းချက်များ ပြည့်မြောက်ရေးအတွက် အလွန်အရေးပါသောကဏ္ဍမှ ပါဝင်နေပါသည်။

## မျိုးစေ့ဖွေရှာ ဝါစိုက်ရာ

မြန်မာနိုင်ငံတွင် ဝါစိုက်တောင်သူများသည် မိမိတို့ဒေသ၏ ရေ၊ မြေ၊ ရာသီဥတုပေါ်မူတည်၍ ဝါသီးနှံကို ရာသီအလိုက် စိုက်ပျိုးကြသည်။ မိုးကြိုဝါကို ဖေဖော်ဝါရီလလယ်မှ မတ်လအတွင်း စတင်စိုက်ပျိုးကြသဖြင့် ဇန်နဝါရီလကတည်းက အပူဒဏ်ခံသက်တမ်းတို ဝါမျိုးစေ့များကို ကြိုတင်ရှာဖွေကြရသည်။ မိုးဝါကို မေလလယ်မှ ဇွန်လအတွင်းစိုက်ပျိုးကြရာ ဧပြီလတွင် အပင်ပေါက်သန်မည့် ဝါမျိုးစေ့များကို လှည့်လည်စုံစမ်းကြရပြန်သည်။ ထို့အတူ မိုးနှောင်းဝါကို ဇူလိုင်လလယ်မှ စက်တင်ဘာလအတွင်း စိုက်ပျိုးနိုင်ရန် မိုးဦးသီးနှံရိတ်သိမ်းချိန်ကတည်းက ဆောင်းအစိုဓာတ်ကိုမှီရမည့် ဝါမျိုးစေ့များကို အမိအရရှာဖွေကြရသည်။

## မျိုးမကောင်းရင် တစ်နှစ်ထက်မကနာ

စိုက်ပျိုးရေးလောကတွင် "မျိုးမကောင်းလျှင် တစ်နှစ်နာ"ဟူသော စကားရှိသည်။ သို့သော် ယနေ့ခေတ်တွင်မူ ဝါမျိုးမကောင်းပါက တောင်သူတစ်ဦးချင်းစီသာမက တစ်နိုင်ငံလုံး၏ ဝါကဏ္ဍတစ်ခုလုံး နာလန်မထူနိုင်အောင် ထိခိုက်နိုင်သည်။ တောင်သူများ၏ ဗဟုသုတနည်းပါးမှု၊ သတင်းအချက်အလက် မလုံလောက်မှု၊ အရောင်းသမားများပြောသမျှကို လက်ခံလွယ်မှု၊ တောင်သူအချင်းချင်း တိုင်ပင်နှီးနှောဖလှယ်ခြင်းအားနည်းမှု စသည့်အချက်များကို အခွင့်ကောင်းယူကာ မိမိကြီးပွားရေးကိုသာကြည့်ပြီး ကိုယ်ကျင့်တရားကို ရောင်းစားနေကြသည့် အချို့ဝါမျိုးစေ့ရောင်းချသူများကြောင့်ဖြစ်သည်။

ဝါစိုက်ပျိုးသည့် တောင်သူမိသားစုများ၏ ဘဝမှာ မျိုးစေ့နှင့်အတူ နာလန်မထူနိုင်အောင် ပျက်စီးသွားရတတ်သည်။ စီးပွားရှာခြင်းသည် သဘာဝဖြစ်သော်လည်း သူတစ်ပါး၏ဘဝ ပျက်စီးစေမည့် လိမ်လည်ရောင်းချမှုမျိုးကို ရှောင်ကြဉ်ခြင်းသည်သာ လယ်ယာစီးပွားအသိုက်အဝန်း၏ အခြေခံကိုယ်ကျင့်တရားဖြစ်သည်။

## ဝါ F2 မျိုးစေ့ကို စိုက်မိရင်

ဝါစပ်မျိုး F1 ၏သဘာဝအရ ၎င်းတို့မှထွက်ရှိလာသော ဒုတိယမျိုးဆက် ဝါ F2 မျိုးစေ့များကို စိုက်ပျိုးပါက ဗီဇပြောင်းလဲမှုများ စတင်ဖြစ်ပေါ်လာသည်။ တောင်သူများအနေဖြင့် မျိုးစေ့ဖိုးသက်သာလို၍ဖြစ်စေ၊ မသိနားမလည်၍ဖြစ်စေ ဝါ F2 မျိုးစေ့ကို စိုက်ပျိုးမိပါက ဓာတ်မြေဩဇာနှင့် လုပ်အားခ ကုန်ကျစရိတ်များသာ ပိုမိုကုန်ကျပြီး အကျိုးအမြတ်မရဘဲ စိုက်ပျိုးရာသီတစ်ခုလုံး အရှုံးဖြင့်ရင်ဆိုင်ရပေမည်။

## ရိုးရိုးဝါမျိုးညံ့များကို စိုက်မိရင်

ဝါစပ်မျိုးမဟုတ်သည့် ရိုးရိုးဝါ(လိုင်းမျိုး)များဖြစ်သော်လည်း အရည်အသွေး စစ်ဆေးထားခြင်းမရှိသော မျိုးညံ့များကို စိုက်ပျိုးမိပါက တောင်သူများအတွက် အဆိုးရွားဆုံး ပြဿနာမှာ အပင်ပေါက်နှုန်း အလွန်အမင်းကျဆင်းခြင်းဖြစ်သည်။ စိုက်ခင်းအတွင်း အပင်ပေါက် မညီညာသဖြင့် ကွက်လပ်များဖြစ်ပေါ်ကာ မျိုးစေ့ထပ်မံဖာထေး စိုက်ပျိုးရသောကြောင့် လုပ်အားခနှင့် အချိန်ကုန် လူပင်ပန်းဖြစ်ရသည်။ ထို့ပြင် မျိုးသန့်မဟုတ်ဘဲ မျိုးရောများ ဖြစ်နေပါက ဝါပင်များ၏သက်တမ်းမှာ တစ်ပင်နှင့်တစ်ပင် မတူညီဘဲ ကွဲပြားနေသဖြင့် ပိုးသတ်ဆေးဖျန်းချိန်၊ မြေဩဇာကျွေးချိန်နှင့် ဝါကောက်ချိန်တို့တွင် စိုက်ခင်းကို စနစ်တကျ စီမံဆောင်ရွက်ရန် ခက်ခဲခြင်းကို ကြုံရသည်။ အဆိုးဆုံးမှာ မျိုးစေ့နှင့်အတူ ပါလာတတ်သော မှိုရောဂါနှင့် ဗိုင်းရပ်စ်ရောဂါများကြောင့် အပင်ငယ်စဉ်ကတည်းက သေကျေပျက်စီးခြင်း၊ ရောဂါဒဏ်ကြောင့် အပွင့်အသီး ကြွေကျခြင်းတို့ဖြစ်တတ်သည်။ ရလဒ်အနေဖြင့် ဝါဂွမ်း၏ ချည်မျှင်အရည်အသွေးညံ့ဖျင်းသွားပြီး အဆင့်အတန်းမမီသဖြင့် ပွဲရုံနှင့် ဝါကြိတ်စက်ရုံများက ဈေးနှိမ်ခြင်း သို့မဟုတ် ဝယ်ယူရန်ငြင်းပယ်ခြင်းတို့ ကြုံရကာ စိုက်ပျိုးစရိတ်အကြွေးနွံထဲ နစ်မွန်းရသည့် ဘေးဒုက္ခနှင့် မလွဲမသွေရင်ဆိုင်ရပေမည်။

ဝါမျိုးရောင်းချသူများအနေဖြင့် ကိုယ်ကျင့်တရားစောင့်ထိန်းခြင်းသည် တောင်သူများအပေါ် စာနာစိတ်ရှိရုံတင်မကဘဲ တည်ဆဲဥပဒေများကို လိုက်နာခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ တည်ဆဲမျိုးစေ့ဥပဒေအရ စိုက်ပျိုးရေးဦးစီးဌာန၌ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိဘဲ ဝါမျိုးစေ့အပါအဝင် မည်သည့်သီးနှံမျိုးစေ့ကိုမျှ စီးပွားဖြစ်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့်ရောင်းချခြင်းမပြုရန် တားမြစ်ထားသည်။

## မျိုးစေ့ဥပဒေ၏ အခန်း(၁၀) တားမြစ်ချက်များ

မျိုးစေ့ဥပဒေ၏ အခန်း (၁၀) တားမြစ်ချက်များတွင် မည်သူမျှ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားခြင်းမရှိသော အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်းမပြုရ၊ မည်သူမျှ လိုင်စင်မရှိဘဲ မျိုးစေ့လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊ လိုင်စင်ရရှိသူ မည်သူမျှ မျိုးစေ့အရည်အသွေး အာမခံချက်နှင့် ကိုက်ညီခြင်းမရှိသော မျိုးစေ့ကိုသော်လည်းကောင်း၊ မျိုးစေ့အရည်အသွေးစစ်ဆေးမှု ခံယူခြင်းမပြုရသေးသော မျိုးစေ့ကိုသော်လည်းကောင်း ဖြန့်ဖြူးခြင်း မပြုရဟု ပါဝင်သည်။

## မျိုးစေ့ဥပဒေအခန်း(၁၁) ပြစ်မှုနှင့်ပြစ်ဒဏ်များ

မျိုးစေ့ဥပဒေအခန်း (၁၁) ပြစ်မှုနှင့်ပြစ်ဒဏ်များတွင် မည်သူမဆို ပုဒ်မ- ၂၄၊ ပုဒ်မ- ၂၅၊ သို့မဟုတ် ပုဒ်မ-၂၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု ပါဝင်သည်။

ဤဥပဒေသည် တောင်သူများကို အရည်အသွေးမမီသော မျိုးစေ့အတု၊ မျိုးစေ့ညံ့များ၏ ဘေးအန္တရာယ်မှ ကာကွယ်ပေးရန်နှင့် စိုက်ပျိုးရေးကဏ္ဍတစ်ခုလုံး စံချိန်စံညွှန်းပြည့်မီစေရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဝါမျိုးစေ့ရောင်းချသူများအနေဖြင့် မိမိတို့လုပ်ငန်း ရေရှည်တည်တံ့ပြီး ဂုဏ်သိက္ခာရှိစေရန်နှင့် ဥပဒေအရ အရေးယူခံရမှုများမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနတွင် စနစ်တကျမှတ်ပုံတင်ပြီး လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ တရားဝင်ဖြန့်ဖြူးရောင်းချကြရမည်ဖြစ်သည်။

## ဝါမျိုးစေ့အရည်အသွေး မဝယ်ခင်စစ်ဆေး

ဝါစိုက်တောင်သူများအနေဖြင့် မိမိတို့ စိုက်ပျိုးမည့် ဝါအောင်မြင်ဖြစ်ထွန်းစေရန် ဝါမျိုးစေ့မဝယ်ယူမီ မျိုးစေ့အရည်အသွေးစံချိန်စံညွှန်း လေးချက်ကိုမဖြစ်မနေစစ်ဆေးကြရမည်။ ပထမဦးစွာ မိမိဝယ်ယူမည့် ဝါမျိုးစေ့သည် အပင်ပေါက်နှုန်း အနည်းဆုံး ၈၀ ရာခိုင်နှုန်းနှင့်အထက် ရှိ၊ မရှိကို စစ်ရပါမည်။ သို့မှသာ စိုက်ခင်းအတွင်း အပင်ပေါက်ညီညာပြီး မျိုးစေ့ထပ်ဖာရသည့် ကုန်ကျစရိတ်သက်သာမည်။ ဒုတိယအချက်မှာ မျိုးစေ့အိတ်အတွင်း ဖုန်၊ သဲ၊ ခဲ၊ အမှိုက်များနှင့် အခြားမျိုးစေ့ညံ့များ ရောနှောခြင်းမရှိဘဲ မျိုးသန့်စင်မှု ၉၈ ရာခိုင်နှုန်း အထက်ရှိရပါမည်။ တတိယအချက်အနေဖြင့် မျိုးစေ့များ မှိုတက်ခြင်းနှင့် ဆွေးမြည့်ခြင်း မရှိစေရန် မျိုးစေ့၏အစိုဓာတ်သည် ၁၀ ရာခိုင်နှုန်းဝန်းကျင်သာရှိရမည်။ အလွန်အရေးကြီးသောစတုတ္ထအချက်မှာ မျိုးစေ့ဥပဒေတွင် ဖော်ပြထားသည့် မျိုးစေ့ထုတ်ပိုးထား သို့မဟုတ် ထည့်သွင်းထားသော ပစ္စည်းပေါ်တွင် (၁) ကုန်အမှတ်တံဆိပ်၊ (၂) မျိုးစေ့အမည်၊ (၃) မျိုးစေ့ အလေးချိန် သို့မဟုတ် ပမာဏ၊ (၄) မျိုးစေ့အရည်အသွေး၊ (၅) သုံးစွဲရန် အညွှန်း၊ (၆) သက်တမ်းကုန်ဆုံးမည့်ရက်စွဲ၊ (၇) လိုင်စင်အမှတ်နှင့်ရက်စွဲ၊ (၈) မျိုးစေ့အရည်အသွေးနှင့် စပ်လျဉ်း၍ အာမခံကြောင်းဖော်ပြချက်၊ (၉) အမျိုးသားမျိုးစေ့ကော်မတီက အခါအားလျော်စွာသတ်မှတ်သည့် အခြားအချက်အလက်တို့ကို အသေအချာဖတ်ရှုစစ်ဆေးပြီးမှသာ ဝယ်ယူရမည်။ ဤအချက်များကို တောင်သူများကိုယ်တိုင်သိရှိပြီး စနစ်တကျရွေးချယ်စစ်ဆေးစိုက်ပျိုးခြင်းဖြင့် ဝါအထွက်နှုန်းကောင်းမွန်စေမည်ဖြစ်သည်။

ဝါမျိုးစေ့ ရောင်းချဖြန့်ဖြူးသူ လုပ်ငန်းရှင်များနှင့် အရောင်းဆိုင်များအနေဖြင့်လည်း ရေတိုအမြတ်အစွန်းတစ်ခုတည်းကိုမကြည့်ဘဲ ဝါစပ်မျိုး F2 မျိုးစေ့များနှင့် အရည်အသွေးမမီသော မျိုးညံ့များကို တောင်သူများထံ လုံးဝ(လုံးဝ) မရောင်းချသင့်ပေသည်။ အမြတ်ငွေ အနည်းငယ်ပိုရရန် စံချိန်စံညွှန်းမမီသော မျိုးစေ့များကို ရောနှောရောင်းချလိုက်ခြင်းသည် ဝါစိုက်တောင်သူတစ်ဦးချင်းစီ၏ မိသားစုဘဝနှင့် အရင်းအနှီးအားလုံးကို ဖျက်ဆီးပစ်လိုက်ခြင်းနှင့် အတူတူပင်ဖြစ်သည်။ ထို့ပြင် မျိုးညံ့များရောင်းချမိပါက နောက်ရာသီများတွင် မိမိတို့ဆိုင်ကို တောင်သူများက ယုံကြည်မှုမရှိတော့သဖြင့် မိမိလုပ်ငန်း၏ ရေရှည် ဂုဏ်သိက္ခာနှင့်စီးပွားရေးပါ တစ်ပါတည်း ပျက်စီးသွားရတတ်သည်။ သို့ဖြစ်ပါ၍ တောင်သူများ စိုက်ပျိုးစရိတ် အကြွေးနွံနစ်စေမည့် ဝါ F2 မျိုးစေ့များနှင့် မျိုးညံ့များကို ရောင်းချခြင်းမှ အလေးအနက်ရှောင်ကြဉ်ကြပြီး၊ ဥပဒေနှင့်အညီ အာမခံချက်ရှိသော ဝါစပ်မျိုး F1နှင့် မျိုးကောင်းမျိုးသန့်များကိုသာ ရောင်းချပေးခြင်းဖြင့် မိမိတို့၏ စီးပွားရေးသိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိန်းသိမ်းသင့်သည်။

မြန်မာ့ဝါကဏ္ဍ ကမ္ဘာ့အဆင့်မီ မြင့်မားလာရေးနှင့် ပြည်တွင်းချည်မျှင် လိုအပ်ချက်ပြည့်ဝရေးဟူသော ပန်းတိုင်သည်တောင်သူများ၏ကြိုးစားမှုတင်မကဘဲ မျိုးစေ့ရောင်းချသူများ၏ သစ္စာရှိမှုအပေါ်တွင်ပါ အများကြီးမူတည်နေသည်။ မိမိတို့ ရောင်းချလိုက်သော ဝါမျိုးစေ့တစ်စေ့သည် တောင်သူ့ဘဝအတွက် မျှော်လင့်ချက်အလင်းရောင် ဖြစ်စေရပါမည်။ သို့ဖြစ်ပါ၍ ဝါမျိုးစေ့လုပ်ငန်းရှင်များနှင့် ရောင်းချသူများအနေဖြင့် "တောင်သူ့အကျိုးသည် မိမိအကျိုး၊ နိုင်ငံ့အကျိုး"ဟုခံယူကာ မှန်ကန်သော ဝါမျိုးစေ့များကိုသာ ရောင်းချခြင်းဖြင့် မြန်မာ့ဝါကဏ္ဍမြှင့်တင်ရေးတွင် "မျိုးစေ့ဥပဒေ"ကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**❖ မြန်မာ့ဝါကဏ္ဍ ကမ္ဘာ့အဆင့်မီ မြင့်မားလာရေးနှင့် ပြည်တွင်းချည်မျှင် လိုအပ်ချက်ပြည့်ဝရေးဟူသော ပန်းတိုင်သည် တောင်သူများ၏ ကြိုးစားမှုတင်မကဘဲ မျိုးစေ့ရောင်းချသူများ၏ သစ္စာရှိမှုအပေါ်တွင်ပါ အများကြီးမူတည်နေသည်။ မိမိတို့ရောင်းချလိုက်သော ဝါမျိုးစေ့တစ်စေ့သည် တောင်သူ့ဘဝအတွက် မျှော်လင့်ချက် အလင်းရောင် ဖြစ်စေရပါမည်။ ❖**

# တေးသံရှင် မြန်မာပြည်သိန်းတန်၏ ဂန္ထဝင်တေးဂီတည ဖျော်ဖြေပွဲကို ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပမည်




**ရန်ကုန် ဩဂုတ် ၁၇**

တေးသံရှင် မြန်မာပြည်သိန်းတန်၏ ဂန္ထဝင်တေးဂီတည ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ဩဂုတ် ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း တေးသံရှင် မြန်မာပြည်သိန်းတန်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် မြန်မာပြည်သိန်းတန်၏ ဂန္ထဝင်တေးဂီတည ဖျော်ဖြေပွဲကို Bellarie Production က စီစဉ်ပေး ခြင်းဖြစ်ပြီး တေးသံရှင် မြန်မာပြည်သိန်းတန်နှင့်အတူ တေးသံရှင် စိုးပိုင်၊ နွဲ့ယဉ်ဝင်း၊ စန္ဒရားမျိုးနိုင်၊ မေသက်ထားဆွေ၊ ဖြိုးမြတ်အောင်၊ မေလသံစဉ်တို့က ပါဝင်အားဖြည့် သီဆိုဖျော်ဖြေပေးမည် ဖြစ်ကြောင်း သိရသည်။

"အန်ကယ် မြန်မာပြည်မှာ ဒီလိုပွဲတွေ တော်တော်များများ လုပ်ခဲ့ပြီးပါပြီ။ အခုကတော့ အန်ကယ်နဲ့ ခေတ်ပြိုင်ဂီတမိတ်ဆွေတွေ၊ မျိုးဆက်သစ် လူငယ်ဂီတသမားလေးတွေလဲ ပါဝင်ပြီးတော့ အန်ကယ်ရဲ့ပွဲကို အကောင်းဆုံး ပံ့ပိုးသီဆိုပေးကြမှာ ဖြစ်ပါတယ်။ လာရောက်အားပေးကြပါအုံးလို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် မြန်မာပြည်သိန်းတန်က ပြောပြသည်။

တေးသံရှင် မြန်မာပြည်သိန်းတန်၏ ဂန္ထဝင်တေးဂီတည ဖျော်ဖြေပွဲကို မြဝတီမီဒီယာစင်တာ၌ ဩဂုတ် ၂၂ ရက် ညနေ ၄ နာရီမှ ည ၈ နာရီထိ သီဆိုဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Deify စိတ္တဇလျှို့ဝှက်သည်းဖိုဇာတ်ကား၌ နီအယ်မက်ဒိုးနော့နှင့် စကိအားရစ်တို့ပါဝင်လာ

**နယူးယောက် ဩဂုတ် ၁၇**

Deify အမည်ရှိ စိတ္တဇလျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား နီအယ်မက်ဒိုးနော့နှင့် စကိအားရစ်တို့ ပါဝင်လာကြောင်း ဩဂုတ် ၁၆ ရက် သတင်းများအရ သိရသည်။

Deify ဇာတ်ကားသည် နောက်လိုက်နောက်ပါများ အရှင်လတ်လတ် မီးရှို့ခံခဲ့ရပြီးနောက် တရားရင်ဆိုင်နေရသည့် ဘာသာရေးဂိုဏ်းခေါင်းဆောင် တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ နီကိုလပ်ချီမီရာက ရေးသားပေးထားကြောင်း သိရသည်။

Deify ဇာတ်ကားကို ဒါရိုက်တာ ကာမီလိုနှင့် နီကိုလပ်ချီမီရာတို့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် ၁၉၉၃ ခုနှစ်တွင် တက္ကဆက်ပြည်နယ် ဝါကိုမြို့၌ ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Deify ဇာတ်ကားကို ယခုနှစ်အတွင်း ချီကာဂိုမြို့၌ စတင်ရိုက်ကူးထုတ်လုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# ဝိညာဉ်ဆက်ကြိုး ရုပ်သံဇာတ်လမ်းတွဲကို M Entertainment YouTube Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် ဩဂုတ် ၁၇**

ဝိညာဉ်ဆက်ကြိုး ရုပ်သံဇာတ်လမ်းတွဲကို M Entertainment YouTube Channel မှ ဩဂုတ် ၁၈ ရက်မှ စတင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ပိုင်စိုးသူမောင်ထံမှ သိရသည်။

အဆိုပါ ဝိညာဉ်ဆက်ကြိုး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ပိုင်စိုးသူမောင်က ရေးသားထားပြီး ပိုင်စိုးသူမောင်ကပင် Silver Moon Studio ထုတ်လုပ်ရေးအတွက် ဒါရိုက်တာအဖြစ် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက ပရလောကနဲ့ ဆက်နွှယ်နေတယ်လို့ ယူဆရတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အဖြစ်အပျက်တွေကို သည်းထိတ်ရင်ဖိုစွာနဲ့ စောင့်ကြည့်ရမဲ့ အချစ်ဒရာမာ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ ထိတ်လန့်ဖွယ်ရာ ခံစားမှုတွေနဲ့ ပရိသတ်ကို ရင်ခုန်စေမဲ့ ဝိညာဉ်ဆက်ကြိုး ဇာတ်လမ်းတွဲကို YouTube Channel မှာကြည့်ရှုအားပေးကြပါအုံး"ဟု ဒါရိုက်တာ ပိုင်စိုးသူမောင်က ပြောပြသည်။




ဝိညာဉ်ဆက်ကြိုး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အာဒမ်ဦး၊ ဇော်ရှိုင်းထက်၊ မင်းသူ၊ မာဂျမ်းခေး၊ နော်အိမ့်ခြူးမိုးမြင့်၊ ဇီဇီ၊ ခင်မို့မို့အေး၊ အေးအေးအောင်၊ ထားအိအိလှိုင်၊ လဲ့ရည်ဝင်း၊ ဟာနစ်ဗ်၊ အိမ့်ချစ်ပိုင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Egg Baby ဇာတ်ကား၌ ကင်းစတန်ရှုမီဆောက်ဝစ်နှင့် အာသာကွန်တီတို့ ပါဝင်မည်

**နယူးယောက် ဩဂုတ် ၁၇**

Amazon MGM စတူဒီယို၏ Egg Baby ဇာတ်ကား၌ မင်းသား ကင်းစတန်ရှုမီဆောက်ဝစ်နှင့် အာသာကွန်တီတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၆ ရက် သတင်းများအရ သိရသည်။

ကင်းစတန်ရှုမီဆောက်ဝစ်နှင့် အာသာကွန်တီတို့သည် Egg Baby ဇာတ်ကား၌ မင်းသမီး အာရီယာနာဂရင်းဘလပ်နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Egg Baby ဇာတ်ကား အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဆော်ယာပါရီက ရေးသားပေးထားပြီး ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

Egg Baby ဇာတ်ကားကို ဒါရိုက်တာ နာတာလီယာအန်ဒါဆန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Egg Baby ဇာတ်ကားသည် အချစ်ဟာသ ဇာတ်ကားအမျိုးအစားဖြစ်ကြောင်း Amazon MGM စတူဒီယို တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

လက်ရှိအချိန်တွင် Egg Baby ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**






# The Jam Van ဟာသဇာတ်ကား၌ မက္ကလိန်းဖစ်၊ ကိတ်သလင်းစန်တာဂျူအာနာနှင့် နစ်ကီရိုးမဲတို့ပါဝင်မည်

**နယူးယောက် ဩဂုတ် ၁၇**

The Jam Van အမည်ရှိ ဟာသ ဒရာမာဇာတ်ကားသစ်တွင် မင်းသား မက္ကလိန်းဖစ်၊ မင်းသမီး ကိတ်သလင်းစန်တာဂျူအာနာနှင့် နစ်ကီရိုးမဲတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၆ ရက် သတင်းများအရ သိရသည်။







The Jam Van ဇာတ်ကားသည် ဖရိုဖရဲဖြစ်နေသည့် ပေါ်ပင်ဂီတအဖွဲ့တစ်ဖွဲ့၏ ခရီးရှည်နှင့် အဖွဲ့ဝင်များကြား ဆက်ဆံရေးကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဟာသဒရာမာ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Jam Van ဇာတ်ကားကို ဒါရိုက်တာ အဲလက်ကားလို့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို အဲလက်ကားလို့က ဇာတ်ညွှန်းရေးဆရာ ပီတာရိုမီလီယိုတစ်နှင့် တွဲဖက်ရေးသားထားကြောင်း သိရသည်။

The Jam Van ဇာတ်ကားကို ယခုလကုန်ပိုင်းတွင် ဝင်နီပက်မြို့၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Jam Van ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# President of the Republic of the Union of Myanmar U Min Aung Hlaing and high-level Myanmar delegation arrive in Russian Federation to pay an Official Visit



**President U Min Aung Hlaing being seen off at Nay Pyi Taw Airport on his departure for the Russian Federation.**



**President U Min Aung Hlaing being welcomed at Vnukovo International Airport in Moscow.**

**Nay Pyi Taw August 17**

At the invitation of President of the Russian Federation H.E Mr. Vladimir Putin, a high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing left Nay Pyi Taw by a special flight to pay an Official Visit to the Russian Federation this morning.

The President and his high-level Myanmar delegation were seen off at the airport by Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, and officials of the Russian Federation Embassy and Military Attache Office to Myanmar.

Together with the President, union ministers, U Khin Maung Yi, U Tin Maung Swe, Dr. Chaw Chaw Sein, Dr. Thet Khaing Win, U Ko Ko Lwin, and Dr. Charlie Than, Chief Executive Officer of the Myanmar Space Agency Dr. Soe Myint Maung, Chief Minister of Taninthayi Region U Zaw Naing Oo, senior military officers from the Office of the Commander-in-Chief, deputy ministers and officials left on the same flight.

The President and the high-level Myanmar delegation arrived at Vnukovo International Airport in Moscow at 6pm local time and were welcomed by Minister of Economic Development of Russian Federation Mr. Maxim Gennadievich Reshetnikov, the Deputy Minister of Foreign Affairs and officials, Myanmar Ambassador to Russian Federation U Moe Myo Aung,

*See Page 13*



**President U Min Aung Hlaing receives a Guard of Honour welcome.**

# President U Min Aung Hlaing meets officials of Government of Rajasthan, Republic of India



**President U Min Aung Hlaing being welcomed at the international airport in Jaipur of Rajasthan State of the Republic of India.**

**Nay Pyi Taw August 17**

President of the Republic of the Union of Myanmar U Min Aung Hlaing left Nay Pyi Taw Airport by special aircraft this morning to pay an Official Visit to the Russian Federation.

The high-level Myanmar delegation led by the President arrived at the international airport in Jaipur of Rajasthan State of the Republic of India at 10 am local standard time. The President and party were welcomed at the airport by Cabinet Minister of the Medical and Health Department in the Government of Rajasthan Gajendra Singh and officials from the cabinet, Myanmar Military Attaché (Army, Navy and Air) Brig-Gen Zaw Moe Lwin and officials.

At the airport lounge, the President met the Rajasthan Cabinet Minister of the Medical and Health Department and cordially discussed his official visit paid to India in June at the invitation of Prime Minister of India Shri Narendra Modi, the discussions on further strengthening friendly ties and cooperation between Myanmar and India during the visit, extensive relations between the peoples of both countries, and the best situation of bilateral relations within the region, further enhancement of cooperation between the two countries, and efforts to promote border trade measures.

The President and the Rajasthan Cabinet Minister exchanged commemorative gifts.

The President and party continued their journey to the Russian Federation via the international airport in Jaipur. They were seen off at the airport by the Rajasthan Cabinet Minister of the Medical and Health Department and cabinet officials, the Myanmar Military Attaché (Army, Navy and Air) and officials. MNA

# President U Min Aung Hlaing holds talks with Governor of Almaty of Republic of Kazakhstan



**President U Min Aung Hlaing being welcomed at the international airport in Almaty of the Republic of Kazakhstan.**

**Nay Pyi Taw August 17**

President of the Republic of the Union of Myanmar U Min Aung Hlaing left Nay Pyi Taw Airport by special aircraft this morning to pay an Official Visit to the Russian Federation and arrived at the international airport in Almaty of the Republic of Kazakhstan at 1.25 pm local standard time. They were welcomed by Governor of Almaty Mr. Darkhan Satybaldy, the Deputy Minister for Foreign Affais of Kazakhstan and officials at the airport.

The President and Governor of Almaty Mr. Darkhan Satybaldy held talks at the airport lounge.

At the meeting, they cordially discussed the successfully holding the free and fair multiparty democratic general election in Myanmar, efforts of the government elected by the people to carry out national development and restore internal peace, State-level goodwill visits to foreign countries made by the President since his assumption of the State responsibilities, enhancement of relations with international and regional countries, exchange of State-level goodwill visits between Myanmar and Kazakhstan to further promote friendly ties and cooperation between the two countries, and enhancement of cooperation in trade, education, culture and tourism sectors.

The Governor of Almaty presented commemorative gifts to the President who returned gifts to the Governor of Almaty and party.

The President and party left for the Russian Federation via the international airport in Almaty City where they were cordially seen off by the Governor of Almaty, the Deputy Minister for Foreign Affairs of Kazakhstan and officials. MNA

*From Page 12*

Ambassador of Russian Federation to Myanmar H.E. Mr. Iskander Azizov, Myanmar Military Attache (Army, Navy and Air) Brig-Gen Kyaw Soe Oo and officials of the Embassy and the Military Attache at the airport.

The Guard of Honour of the Russian Federation welcomed the President in accordance with the tradition of welcoming a Head of State who was on a State Visit. The President took the salute of the Guard of Honour from the dais, while the Guard of Honour played the national anthems of the two countries.

Afterward, the Guard of Honour marched past the President.

During the visit, the President of Myanmar will meet with the President of the Russian Federation, the Prime Minister of the Russian Federation, and the Chairman of the State Duma of the Russian Federation and other officials from the Russian Government. The President will cordially discuss matters relating to the further consolidation of the existing friendly relations and strategic cooperation in all areas of mutual interest including economic, security and social spheres. During the visit, the President will also attend the Myanmar-Russia Business Forum.

MNA

*From Page 14*

one Starlink terminal used in online fraud and gambling were destroyed by fire on August 12.

Under the guidance of the Government, departmental teams demolished the unauthorized and illegally constructed buildings at the raided location to ensure they could not be used again. Accordingly, two two-storey residential buildings used for online scams and gambling were demolished on August 12; one one-storey residential building on August 13; one one-storey residential building on August 14; one one-storey residential building on August 15; one one-storey residential building on August 16; and today, one one-storey residential building and one three-storey residential building were systematically demolished using explosives, bringing the total to eight buildings.

Moreover, to prevent online scam and gambling activities from establishing bases in the area, Tatmadaw columns have been conducting step-by-step area security operations at risk to their lives since August 2. This afternoon, approximately 4,000 metres southeast of the previous raid site, the following structures used for online scams and gambling were seized: one 100 ft × 40 ft single-storey, tin-roofed building, one 80 ft × 20 ft single-storey, tin-roofed building, two 50 ft × 40 ft single-storey, tin-roofed buildings, one 50 ft × 20 ft single-storey, tin-roofed building, one 90 ft × 20 ft single-storey, tin-roofed building, and one 30 ft × 20 ft steel-structure, tin-roofed building equipped with two large water tanks.

During the area security operations, seven armed clashes occurred with terrorist insurgents who were providing protection to online fraud and gambling perpetrators in exchange for payment. Several bodies of terrorist insurgents, along with assorted weapons, ammunition and related accessories, were seized, while some Tatmadaw personnel sustained injuries.

The State is continuing to actively and vigorously conduct anti-online scam and gambling operations in cooperation with neighbouring nations, regional countries and international organizations to eradicate online fraud and gambling crimes and prevent them from establishing any foothold in Myanmar.

100

# DR Congo Ebola outbreak world's second-largest, deadliest in country's history

**Kinshasa August 17**

The Ebola outbreak sweeping across the Democratic Republic of the Congo (DRC) has become the deadliest in the country's history and the second-largest ever recorded globally, with the World Health Organization (WHO) warning that it could eventually surpass the devastating 2014-2016 West Africa epidemic if it continues at its current pace.

The DRC has recorded 4,945 confirmed cases, including 2,325 deaths, since the current outbreak began, according to the latest figures released late Sunday by the country's health authorities. The case fatality rate stands at 47.0 percent, while 1,040 people have recovered.

According to WHO figures, the 2018-2020 outbreak in eastern DRC recorded 3,481 cases, including 3,323 confirmed cases, with 2,299 deaths and 1,162 survivors. It had previously been the deadliest Ebola outbreak in the country's history.

The current epidemic has already grown significantly larger in terms of cases.

"It's already the second-biggest Ebola epidemic on record, and it's moving faster than any previous Ebola outbreak," WHO Director-General Tedros Adhanom Ghebreyesus said at a press briefing in Geneva on Aug. 12, warning that "at its current pace, it's on track to eclipse the West African Ebola outbreak of 2014 to 2016."

The 2014-2016 West Africa epidemic, the largest Ebola outbreak ever recorded, infected more than 28,600 people and killed over 11,000, mainly in Guinea, Liberia and Sierra Leone. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Demolition of buildings used for online fraud and gambling in Myawady Township, Kayin State; bodies and weapons seized from terrorist insurgents





Record of the arrest of individuals involved in online fraud and gambling activities.

**Nay Pyi Taw August 17**

The Government attaches great importance to combating online fraud and online gambling operations as a national duty, as such activities destroy the social lives of people worldwide, undermine moral dignity, and pose serious threats to the public interest and national security. In coordination with domestic forces and the governments of neighbouring countries, effective crackdowns are being conducted to prevent such operations from establishing a foothold in the country. In addition, illegal buildings used to house and operate online scam and gambling activities are being systematically and completely demolished to prevent their reuse.

To prevent online fraud and gambling operators from establishing bases or conducting operations, Tatmadaw columns, acting on information provided by responsible local residents, have stepped up anti-online scam operations. Acting on tip-offs that online fraud and gambling activities were being based and operated in the area, Tatmadaw columns conducting area security operations in Myawady Township, Kayin State, took necessary security measures. As previously announced, on July 27, a total of 777 individuals—652 men and 125 women—involved in online fraud and gambling were arrested, along with operational equipment, from inside eight residential buildings used for online scams and gambling in the area.

To prevent the seized equipment from being reused, 85 computers, 183 assorted mobile phones and

*See Page 13*

Before demolition.





Preparations for demolition by explosives.





After demolition.





Permanent demolition by explosives of residential buildings used for online fraud and gambling activities in Myawaddy Township, Kayin State (16 August 2026).





Weapons, ammunition and related equipment seized by Tatmadaw columns from terrorist insurgents.

# ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၉၅၂၇ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဟုမ္မလင်း ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၉၅၂၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၉၅၂၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းမြို့နယ်မှာ မြေထောက်ပဲ ၉၅၂၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများ အနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးတံခွန်ခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးတံခွန်ခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးပိ၊ ငံပြာရည်နှင့် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လက ငါးတံခွန်ခြောက်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လအတွင်း ငါးတံခွန်ခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့တဲ့ ငါးတံခွန်ခြောက်တွေက အရည်အသွေးကောင်းပါတယ်။ ငါးတံခွန်ခြောက်တွေကို ဆားအပေါ့ ပြုလုပ်ထားတာဖြစ်ပါတယ်။ ဒီဘက်ကနေ ငါးတံခွန်ခြောက်တွေအပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ လက်ရှိလဲ ဝယ်လက်တွေက မှာယူထားတာတွေ ရှိနေပါတယ်။ ငါးတံခွန်ခြောက်တွေ တင်ပို့



ရောင်းချအား ကောင်းလာတော့ ပွဲရုံပိုင်ရှင်တွေအပြင် ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အဆင်ပြေလာပါတယ်"ဟု ဒေးဒရဲမြို့နယ် ငါးပိ၊ ငံပြာရည်နှင့် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပိ၊ ငါးခြောက်များကိုပြုလုပ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးတံခွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၅၀၀၀ ထိ ပေါက်ဈေးရှိပြီး အရွယ်အစားအပေါ် မူတည်ကာ ဈေးနှုန်း အပြောင်းအလဲရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# တောင်ငူမြို့နယ် ကံကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်ငူ ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေပူကုန်းကျေးရွာအုပ်စု ကံကြီးကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်း၊ တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကံကြီးကျေးရွာ၌ စင်မြင့်ရေစင်ကို Steel Jacketing တပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များကို ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်းများရေရှည် အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကံကြီးကျေးရွာရှိ ဂါလန် ၂၄၀၀၀ ဆံ့ စင်မြင့်ရေစင်ကို Steel Jacketing တပ်ဆင်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၇ ဒသမ ၉၄၆ သန်းအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ ယခုလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။ **ကိုညို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ငဖဲမြို့နယ် မြင်သာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ငဖဲ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နယ်ဖောကျေးရွာအုပ်စု မြင်သာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် မြင်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၁၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြင်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၄၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၅၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈ ဦးကို ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။ **ဇင်မာ**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ရှေ့ဖုံးမှအဆက်

မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာ ချာလီသန်း၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ည ၆ နာရီတွင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadievich Reshetnikov၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

လေဆိပ်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူသည်။ ထိုသို့ ဆောင်ရွက်စဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ဂုဏ်ပြုအလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဂုဏ်ပြုတပ်ဖွဲ့၏ချီတက်အလေးပြုခြင်းကို ခံယူခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ရုရှားနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံဝန်ကြီးချုပ်၊ ရုရှားနိုင်ငံဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားအစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေး ကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မြန်မာ-ရုရှား စီးပွားရေးဖိုရမ်သို့လည်း တက်ရောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

PPIB News



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadievich Reshetnikovက မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုကြစဉ်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်ကို တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင် အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက်ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန်မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့်နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် **“MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း”** နှိုးဆော်ခဲ့သည်။

ယခုအခါ MCCT အစီအစဉ်၏နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျုံးဝင်သူများ၏စာရင်းကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကောက်ယူခြင်းကိုသာဆောင်ရွက်လျက်ရှိပြီး Online မှ တစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ(လုံးဝ)မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူစာရင်းသွင်းရန် လျှောက်ထားပုံစံ(Registration Form)များနှင့်စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများစာရင်းကောက်ခံခြင်းအဆင့်ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ်မှ အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ် ဂျေပူရ်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ရောက်ရှိကြရာ ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊လေ) ဗိုလ်မှူးချုပ်ဇော်မိုးလွင်နှင့်တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လေဆိပ်ဧည့်ခန်းမဆောင်တွင် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့်ကျန်းမာရေးဝန်ကြီးနှင့် တွေ့ဆုံ၍ နိုင်ငံတော်သမ္မတအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၏ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ဇွန်လအတွင်း တရားဝင်ခရီးစဉ်လာရောက်ခဲ့မှုနှင့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှုများစွာရှိပြီး နှစ်နိုင်ငံဆက်ဆံရေးသည် လက်ရှိအချိန်တွင် ဒေသအတွင်း အကောင်းဆုံးဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ၵင်းနောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဂျေပူရ်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာရာ ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊လေ)နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ် ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်တွင် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီဒေသပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီမြို့အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ အာမတီဒေသပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန်ဆာတီဘယ်လ်ဒီ၊ ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အာမတီဒေသပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန်ဆာဆီဘယ်လ်ဒီတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီဒေသပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန်ဆာတီဘယ်လ်ဒီတို့ အာမတီမြို့အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူများက ရွေးကောက်တင်မြှောက်သည့် နိုင်ငံတော်အစိုးရက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်မှစ၍ ပြည်ပနိုင်ငံများသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပြီး နိုင်ငံတကာ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့ကြား နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်မှုများဆောင်ရွက်ပြီး နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးက အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ပြီး နိုင်ငံတော်သမ္မတက အာမတီဒေသပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ၵင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာကြရာ အာမတီဒေသပြည်နယ်အုပ်ချုပ်ရေးမှူး၊ ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း (ရေဆင်း)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာမေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

"ကျွန်မကတော့ နေပြည်တော် ဇေယျာသီရိမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ရေဆင်း)မှ ဒုတိယအလယ်တန်းပြဆရာမ ဒေါ်ခင်မြတ်နိုး ဖြစ်ပါတယ်။ ကျွန်မကတော့ G-8 ကျောင်းသားတွေရဲ့ တာဝန်ကြီးကြပ်ရေးနဲ့စည်းကမ်းထိန်းသိမ်းမှုအနေနဲ့ လိုက်လာတာဖြစ်ပါတယ်။ ကျွန်မရဲ့ ပထမဆုံးလေ့လာရေးအတွေ့အကြုံခရီးလဲဖြစ်ပါတယ်။ ကလေးတွေက သမိုင်းနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို အရင်တုန်းကဆိုရင် သင်ခန်းစာထဲမှာပဲ သင်ကြားခဲ့ရပါတယ်။ အခုဆိုရင် သင်ခန်းစာနဲ့ပတ်သက်ဆက်စပ်တဲ့ လက်တွေ့ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းတွေ၊ တပ်မတော်ရဲ့ သမိုင်းတွေအကုန်လုံးကို ဒီစစ်သမိုင်းပြတိုက်မှာ အကုန်လုံးကို လက်တွေ့ လာရောက်ဆက်စပ်ပြီး လေ့လာခွင့်ရတာကြောင့် ကလေးတွေအတွက် ဗဟုသုတတွေပိုပြီးတိုးပွားစေလို့ ကျွန်မကပိုပြီး ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်မတို့ကျောင်းတွေကို တပ်မတော်စစ်သမိုင်းပြတိုက်ကို လေ့လာရေးခရီးစဉ်တွေစီစဉ်ပေးတဲ့အတွက် တာဝန်ရှိတဲ့ အကြီးအကဲတွေရော တာဝန်ရှိတဲ့ သက်ဆိုင်ရာ လူကြီးမင်းတွေအားလုံးကို အထူးပဲကျေးဇူးတင်ရှိကြောင်း ပြောကြားချင်ပါတယ်ရှင်"ဟု ပြောသည်။





"သမီးကတော့ နေပြည်တော် ဇေယျာသီရိမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ရေဆင်း) G-9 မှာ ပညာသင်ကြားနေတဲ့ကျောင်းသူ မအိမြတ်ကျော်ဖြစ်ပါတယ်ရှင်။ သမီးအရင်က ဒီနေရာကို တစ်ခါမှ မလေ့လာဖူးပါဘူးရှင်။ အခုလို ဒါပထမဆုံးရောက်ဖူးတာပါရှင်။ အခုလို တပ်မတော်စစ်သမိုင်းပြတိုက်ကို ပထမဆုံး လေ့လာခွင့်ရတဲ့အတွက် အရမ်းပျော်ပါတယ်။ ဗဟုသုတတွေလဲ အများကြီးရပါတယ်ရှင်။ လေယာဉ်အမျိုးအစားတွေကို အများကြီး တွေ့ရှိလေ့လာခွင့်ရပါတယ်ရှင်။ အခုလို သမီးတို့ကိုလေ့လာခွင့်ရအောင် ဆောင်ရွက်ပေးတဲ့ ဆရာ၊ ဆရာမများအပါအဝင် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းပြောကြားလိုပါတယ်ရှင်" ဟု ပြောသည်။

(၅၀၁)

## ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၆၃/၂၀၂၆**
၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
(၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၇ ရက်)
**ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉) တို့ပါ ပြဋ္ဌာန်းချက်များအရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုးအား နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၆၄/၂၀၂၆**
၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
(၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၇ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးရဲထွန်းဦးအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ငဝန်၊ တိုးမြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၇**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၃ စင်တီမီတာ (၁ ပေ ၁ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာ (၁ ပေ ၆ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂၀ စင်တီမီတာ(ရှစ်လက်မ)ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၄၈ စင်တီမီတာ (၁ ပေ ၇ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂၀ စင်တီမီတာ(ရှစ်လက်မ)ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၆ စင်တီမီတာ (၂ ပေ ၂ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၅ စင်တီမီတာ (ခြောက်လက်မ) ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၄ စင်တီမီတာ (၁ ပေ ၉ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ငါးစင်တီမီတာ (နှစ်လက်မ)ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၃ စင်တီမီတာ (ငါးလက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ငါးစင်တီမီတာ(နှစ်လက်မ)ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် နှစ်စင်တီမီတာ (တစ်လက်မခန့်)ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ၃၀ စင်တီမီတာ(တစ်ပေ)ခန့် ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဘားအံမြို့နယ်၊ မအူပင်မြို့နယ်၊ မဒေါက်မြို့၊ ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့၌ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ကနဦးစီမံချက် ရေးဆွဲဆောင်ရွက်မည်



မန္တလေး ဩဂုတ် ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်စသည့်ဒေသ သုံးခုရှိ ကျေးလက်နေအမျိုးသမီးများအတွက် ကျေးလက်နေအမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး ကနဦးစီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၏ ပြောကြားချက်အရ သိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကျေးလက်နေ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့်ပတ်သက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့် ယနေ့တွေ့ဆုံဆွေးနွေးပွဲတွင် ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စီမံချက်တွင် စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန်ကူညီပံ့ပိုးရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံးအနည်းဆုံး Grade–9 ထိ ပညာသင်ကြားနိုင်ရေး၊ အမျိုးသမီးများအနေဖြင့် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များနှင့် ပူးပေါင်း၍ Public– Private Partnership ဆောင်ရွက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံချက်နယ်မြေများတွင် ကျန်းမာရေးနှင့်အာဟာရ၊သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးစသည့်ကဏ္ဍများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေအမျိုးသမီးများ၏ အမူအကျင့်များ ပြောင်းလဲလာအောင် သင်တန်းများပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့ကို စံပြခရိုင်များအဖြစ်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲကလမ်းညွှန်ထားကြောင်း၊ကျေးလက်နေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ပြင်ဦးလွင်၊ ပုသိမ်ကြီး၊ ကျောက်ဆည်၊ အမရပူရ၊ မြစ်သားမြို့နယ်ရှိ ကျေးရွာ သုံးရွာစီဖြင့် ကျေးရွာ ၁၅ ရွာ ဆောင်ရွက်မည့်အစီအစဉ်၌ မိတ္ထီလာခရိုင်တွင် ကျေးရွာရှစ်ရွာ၊ ရမည်းသင်းခရိုင်တွင် ကျေးရွာလေးရွာထပ်မံထည့်သွင်းပြီး ကျေးရွာ ၂၇ ရွာ ဆောင်ရွက်ပေးစေလိုကြောင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့က သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ အမျိုးသမီးအဖွဲ့များနှင့်တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်းဆောင်ရွက်မည့် ကျေးလက်နေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး စီမံချက်နှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဖလမ်းမြို့အတွင်း ရုံးသုံးဆိုလာလျှပ်စစ်မီးတပ်ဆင်အသုံးပြုမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ဖလမ်း ဩဂုတ် ၁၇

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဖလမ်းခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ရုံးလုပ်ငန်းဆောင်ရွက်ရန် ဦးစားပေးအလိုက်ဆိုလာလျှပ်စစ်မီးများ တပ်ဆင်ပေးလျက်ရှိကြောင်း၊ ဖလမ်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးတွင် 6kv Watt ဆိုလာလျှပ်စစ်မီးတပ်ဆင်၍ ရုံးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

6kv Watt ဆိုလာလျှပ်စစ်မီးတပ်ဆင်ခြင်းဖြင့် ရုံးသုံး Computerနှင့် Printer ငါးစုံ၊ ဝပ် ၂၀ အားသုံးလျှပ်စစ်မီးလုံး ၂၀ အပါအဝင် အခြားလျှပ်စစ်ပစ္စည်း ဝပ် ၁၀၀၀ ပမာဏခန့်သုံးစွဲနိုင်မည်ဖြစ်ပြီး ထိုသို့ရုံးသုံးဆိုလာလျှပ်စစ်မီးတပ်ဆင်အသုံးပြုမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်း ဦးရေ ၂၄၀ ကို ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးနေမှု၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ခရိုင်သစ်တောဦးစီးဌာနဦးစီးအရာရှိရုံး၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ပြုပြင်နေမှုကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်များကို မူလပုံသဏ္ဌာန်မပျက်ထိန်းသိမ်းပြုပြင်ရန် မှာကြားသည်။

အလားတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးသည် တီးတိန်မြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် တီးတိန်မြို့မရဲစခန်း စခန်းရုံးသစ်အဆောက်အအုံ၊ တီးတိန်မြို့ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်းစားရိပ်သာနှင့် သင်တန်းသူနှစ်ထပ်အိပ်ဆောင်၊မြေထိန်းနံရံဆေးသုတ်ခြင်းလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့က တီးတိန်–ငင်နူနန်းသွားလမ်းတစ်လျှောက်သန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တွန်းဇံမြို့ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူးနှင့်ကော်မတီအဖွဲ့ဝင်များသည် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့်ဌာနဆိုင်ရာအဆောက်အအုံများဖြစ်သည့် ရုပ်သံထပ်ဆင့်လွှင့်ရုံနှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာပြုပြင်ခြင်း၊ လူငယ်သင်တန်းကျောင်းကျောင်းသားအိပ်ဆောင်၊ စတိုဆောင်၊ ထမင်းစားဆောင်ပြုပြင်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်


နေပြည်တော် ဩဂုတ် ၁၇

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်–ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်–ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းလျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ နယ်မြေခံတပ်၌ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဧဝ၁)



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။




# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပွဲစဉ် ပထမနေ့ ဝိတ်တန်းအလိုက်ယှဉ်ပြိုင် ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဩဂုတ် ၂၁ ရက်ထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ပထမနေ့ ဝိတ်တန်းအလိုက် ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပွဲစဉ် ပထမနေ့ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များမှ အမျိုးသားပြိုင်ပွဲဝင်အသင်း ခုနစ်သင်း၊ အမျိုးသမီးပြိုင်ပွဲဝင်အသင်း ခုနစ်သင်းတို့ဖြင့် ဩဂုတ် ၂၄ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဧဝ၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ပထမနေ့ ဝိတ်တန်းအလိုက်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။


## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ရေလဲကြီးကျေးရွာနှင့် သာရဝေါကျေးရွာတို့မှ အိမ်ထောင်စု ၄၂၈ စုအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ကတ်၊ ရေသန့်ဘူးကြီးနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်

ရန်ကုန် ဩဂုတ် ၁၇

တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာအုပ်စု အုန်းပင်ကွင်းဆည်မြောင်း မြစ်ကမ်းပန်းတာထိပ်တွင် ဧရာဝတီမြစ်ရေ ဝင်ရောက်လျက်ရှိသော ရေလဲကြီးကျေးရွာနှင့် သာရဝေါကျေးရွာတို့မှ အိမ်ထောင်စု ၄၂၈ စုအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ကတ်၊ ရေသန့်ဘူးကြီးနှင့်ဆေးဝါးများကို ယမန်နေ့ ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့အတွင်းရှိ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ကြွေပုဂံချောင်း ကျေးရွာအုပ်စုရှိ အဖျောက်ကမ်းရင်းတာ မိုင်တိုင်(၄၄/၂)မှ ပန်းတာအတွင်းသို့ ရေဝင်ရောက်နေမှုနှင့် ရေကင်းစခန်းများ ချထားမှုအခြေအနေကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။



ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ဘားလားကျေးရွာအုပ်စု အမှတ်(၇)လမ်းဘေးရှိ Yangon Motor sport Complex(YMC) ဖွင့်ပွဲသို့ တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ YMC မှ တာဝန်ရှိသူများက Yangon Motor sport Complex(YMC)ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားကာ YMC Workshop နှင့် ကားမောင်းလေ့ကျင့်ရေးကွင်းတွင် ထိုင်းနိုင်ငံမှ Drift ကားမောင်းချန်ပီယံ၏ သရုပ်ပြမောင်းနှင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီး၍ ပြန်လည်ရောက်ရှိလာသူများအတွက် အလုပ်အကိုင်ရရှိရေးနှင့် အရင်းအနှီးချေးငွေများရရှိရေး အထူးဦးစားပေးဆောင်ရွက်ပေးလျက်ရှိ



မော်လမြိုင် ဩဂုတ် ၁၇

မွန်ပြည်နယ်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီး၍ ပြန်လည်ရောက်ရှိလာသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနှင့် အရင်းအနှီးချေးငွေများ ထုတ်ချေးပေးနိုင်ရေးကို အထူးဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထိုသို့ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးသူများအတွက် အလုပ်အကိုင်ရရှိရေးနှင့် အရင်းအနှီးချေးငွေများရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၏ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ပြီး၍ ပြန်လည် ရောက်ရှိလာသူများအတွက် အလုပ်အကိုင်ရရှိရေးနှင့် အရင်းအနှီးချေးငွေများရရှိရေး ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

စည်သူ(ပြန်/ဆက်)

# ရေဘေးကာကွယ်ရေး တာတမံများ ဘေးကင်းလုံခြုံရေး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်း သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကွမ်းသီးတစ်ပင်ကျေးရွာအုပ်စု စာနီစုကျေးရွာအနီးရှိ ဧရာဝတီအရှေ့ဘက်ကမ်းတာ တာမိုင်(၉/၀)၌ ကမ်းရင်းတာကမ်းပါး ရေတိုက်စားမှုဖြစ်ပေါ်ခဲ့မှုအပေါ် ကာကွယ်ထားရှိမှုနှင့် ပန်းတာကြံ့ခိုင်ရေးပြင်ဆင်ထားရှိမှု၊ ပန်းတာအနောက်ဘက်ခြမ်း သဲအိတ်ထောက်ခြင်း၊ တာထိပ်မျက်နှာပြင် သဲအိတ်ထပ်ပိုးခြင်းဖြင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်နေရာများတွင် ရေစိမ့်ထွက်မှုမရှိစေရေး Geo Textile စများဖြင့် ကြိုတင်ကာကွယ်ထားရှိရန်၊ အရေးပေါ်အခြေအနေကြုံတွေ့လာပါက ထိရောက်လျင်မြန်စွာ တုံ့ပြန်ကာကွယ်နိုင်ရေး အရေးပေါ်ပစ္စည်းများ ကြိုတင်စုဆောင်းထားရှိခြင်းနှင့် ရေကင်းလှည့်တာဝန်များကို ၂၄ နာရီမပြတ် စောင့်ကြည့်စစ်ဆေးကြရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဧရာဝတီအရှေ့ဘက်ကမ်း အဖျောက်တာကြံ့ခိုင်မှုအခြေအနေ၊ အရေးပေါ်ပစ္စည်းများ စုဆောင်းထားရှိမှု၊ ရေကင်းစခန်းများနှင့် ရေကင်းလှည့်ဇယားများ၊ တာဝန်ချထားမှုအခြေအနေများ၊ ကမ်းစားမှုကာကွယ်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဩဂုတ် ၁၅ ရက်က ညောင်တုန်းမြို့နယ် ချောင်းကြီးရွာနှင့် ဂန်ချောင်းရွာအနီး ဧရာဝတီမြစ်ခွဲ ညောင်တုန်းကျွန်းတာ ကြံ့ခိုင်မှုအခြေအနေ၊ တာရှေ့ရေထိမျက်နှာပြင် လျှောစောက်မြေသားရေတိုက်စားမှု လျော့နည်းစေရေး ရေကာတန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြစ်ရေထိတွေ့နိုင်သော ရှေ့အလျှောမြေသားလျှောစောက်အခြေမှ တုတ်တန်းရိုက်သဲအိတ်ချရေကာတန်းများ ပြုလုပ်၍ ထိရောက်စွာ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရေး တာတမံဘေးကင်းလုံခြုံရေးဆိုင်ရာ ဆောင်ရွက်သင့်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မအူပင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး တိုးမြစ်ရေမြင့်တက်မှုကြောင့် စာသင်ကျောင်း ၁၅ ကျောင်း ယာယီပိတ်ထားရ



မအူပင် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်း၍ တိုးမြစ်ရေမြင့်တက်မှုကြောင့် ယနေ့နံနက်က မအူပင်မြို့နယ် ကျွဲဒိုးကျေးရွာအုပ်စု အမက-ကျွဲသောင်ကျောင်း၊ အောက်ထုံးကျေးရွာအုပ်စု အမက-သောင်သာယာကျောင်း၊ အမက-လက်ပံတန်းကျောင်း၊ မလက်တိုကျေးရွာအုပ်စု အထက(ခွဲ) ခနောင်ကြီးကျောင်း၊ အလန်းကျေးရွာအုပ်စု အလက-ဘုရားကျောင်း၊ ပေကုန်းကျေးရွာအုပ်စု အထက(ခွဲ)ပေကုန်းကျောင်း၊ ထနီးကျေးရွာအုပ်စု အမက-ဓနီးကုန်းကျောင်းနှင့် အလက(ခွဲ) ပတုပ်ကျောင်း၊ ထရော်ပေကုန်းကျေးရွာအုပ်စု အမက-ထရော်ပေကုန်းကျောင်း၊ မလက်တိုကျေးရွာအုပ်စု မူလွန်-လှိုင်းတာကျောင်း၊ ထရော်ညောင်ဝိုင်းကျေးရွာအုပ်စု အမက-ကံစုကျောင်း၊ တာပါတ်အရှေ့ကျေးရွာအုပ်စု မူလွန်-ဘုရားသုံးဆူကျောင်း၊ ကျုံစုတ်ကျေးရွာအုပ်စု အလက(ခွဲ) ကျုံစုတ်ကျောင်း၊ လေးအိမ်စုကျေးရွာအုပ်စု အမက-ကညင်သုံးပင်ကျောင်း၊ ထရော်စခန်းကြီးကျေးရွာအုပ်စု အမက-အရှေ့ဂိုးမြောင်းကျောင်းတို့တွင် ရေဝင်ရောက်မှုကြောင့် ကျောင်းသား၊ ကျောင်းသူများကို နေအိမ်သို့ စေလွှတ်ခဲ့ပြီး စာသင်ကျောင်းများကို ဩဂုတ် ၁၇ ရက်မှ ၂၂ ရက်ထိ ငါးရက် ယာယီပိတ်ထားမည်ဖြစ်ပြီး ပိတ်ရက်များအတွက် အပတ်စဉ် တနင်္ဂနွေနေ့တို့တွင် အစားထိုးသင်ကြားသွားမည်ဖြစ်ပြီး အဆိုပါမြစ်ရေမြင့်တက်မှုကြောင့် ကျောင်းအဆောက်အအုံနှင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိကြောင်း သတင်းရရှိသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးသီးနှံ စိုက်ကဧများ ထိခိုက်မှုများအပေါ် လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မုံရွာ ဩဂုတ် ၁၇

တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခရိုင်၊ မြို့နယ်များအတွင်းရှိ ကျေးရွာများ၌ စိုက်ပျိုးလျက်ရှိသည့် စပါး၊ ပဲစင်းငုံ၊ ပြောင်း၊ ဆီထွက်သီးနှံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုးနှင့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါစိုက်ခင်းများ ထိခိုက်ခဲ့ပါကြောင်း၊ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးသီးနှံများ အချိန်မီပြန်လည်အစားထိုးစိုက်ပျိုးသွားရေး၊ စိုက်ပျိုးမြေများပြန်လည်တမန်းနှိုးခြင်းများ ဆောင်ရွက်သွားရေးနှင့် ဒေသခံတောင်သူများလိုအပ်သည့် မျိုး၊ လယ်ယာသုံးစက်မောင်းဆီ၊ သွင်းအားစုဓာတ်မြေဩဇာများ စနစ်တကျထည့်သွင်းစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများက ပူးပေါင်းဆောင်ရွက်ကာ လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားကြရန် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပသည့် မိုးသီးနှံ စိုက်ကဧများထိခိုက်မှုအပေါ် လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ဓာတ်မြေဩဇာများကို အသင့်စုဖွဲ့ထားရှိပြီး စက်သုံးဆီ လိုအပ်ချက်အပေါ် ခွင့်ပြုပေးထားပါကြောင်း၊ မိမိတို့တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊မြို့နယ်များ၌ စိုက်ပျိုးထားရှိသည့် မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့်သီးနှံအထွက်နှုန်း လျော့နည်းမှုမရှိအောင် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများကအလေးထားကာ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးဝန်ကြီးများက လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဌာနများအလိုက် စီမံဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

**☆ ကျောဖုံးမှအဆက်**

အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြပြီး ရမည်းသင်းခရိုင်နှင့် ကျောက်ဆည်ခရိုင်အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ကျောက်ဆည်ခရိုင်အသင်းက ရမည်းသင်းခရိုင်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌတို့က နေရာအလိုက် အကောင်းဆုံးကစားသမားဆု ရရှိကြသူများကို ဆုတံဆိပ်၊ ငွေသားဆုများ၊ တတိယဆုရ ပြင်ဦးလွင်ခရိုင်အသင်းမှ အားကစားသမားများကို ဆုတံဆိပ်၊ ငွေသားဆုများ၊ ဒုတိယဆုရ ရမည်းသင်းခရိုင်အသင်းမှ အားကစားသမားများကို ဆုတံဆိပ်နှင့် ငွေသားဆုတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပထမဆုရကျောက်ဆည်ခရိုင်အသင်းမှ အားကစားသမားများကို ဆုတံဆိပ်များကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရ ကျောက်ဆည်ခရိုင်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

**❑ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ**

ပါမောက္ခအထူးကုဆရာဝန်ကြီးများနှင့် တွဲဖက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် တစ်ဦး၏ နှလုံးသွေးလွှတ်ကြော မပေါက်ပြဲသည့် ရောဂါ (Acute aortic dissection from aortic arch to both iliac arteries)ကို ဩဂုတ် ၁၃ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာန၌ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ လူနာကို အထူးကြပ်မတ်ကုသမှုဌာနတွင် လိုအပ်သောကုသမှုများ ဆက်လက်ဆောင်ရွက်ပေးနေပြီး ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုသဌာနတွင် မွေးရာပါ နှလုံးရောဂါများ၊ နှလုံးအဆို့ရှင်ဆိုင်ရာ ရောဂါများ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ နှလုံးသွေးလွှတ်ကြောမကြီး ခွဲစိတ်ကုသမှုများကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း Major operation ခွဲစိတ်ကုသမှု ၂၃၅ ခုနှင့် ၂၀၂၆ ခုနှစ် ဇူလိုင်လထိ ၁၃၅ ခု ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါ ခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်သည့် UKမှပါမောက္ခဒေါက်တာအောင်ရဲဦးသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ယခုထိ မြန်မာနိုင်ငံ၏ နှလုံးနှင့်သွေးကြောရောဂါ ခွဲစိတ်ကုသမှုတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကာလအလွန် ၂၀၂၃ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၃ ရက်ထိ မြန်မာနိုင်ငံသို့ ကိုးကြိမ်လာရောက်ခဲ့ပြီး ပူးပေါင်းခွဲစိတ်ကုသမှု ၃၈ ခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နှလုံးနှင့် သွေးကြောခွဲစိတ်ကုသမှုဆိုင်ရာ မျိုးဆက်သစ်များ မွေးထုတ်နိုင်ရေးအတွက် ဆေးပညာသင်ကြားရေး အစီအစဉ်များတွင်လည်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၇

Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဩဂုတ် ၁၈ ရက် **(ယနေ့)** ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် ထိုင်းအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့သည် ဗီယက်နမ်အားကစားကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲ ပွဲစဉ်များကို ဩဂုတ် ၂၂ ရက် နှင့် ၂၆ ရက် ည ၇ နာရီခွဲတို့တွင် အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို MRTV Sports Channel၊ MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**(သတင်းစဉ်)**

---

**❍ အင်တာနက်ဝန်ဆောင်မှုများမှ**

တိုးချဲ့တပ်ဆင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဂြိုဟ်တုစခန်းစနစ်များကို အဆင့်မြှင့်တင် တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် ယခင်ဖုန်းခေါ်ဆိုမှုနှင့် စာတို(sms) ပေးပို့မှုများအပြင် လဟယ်မြို့ရှိ သတ်မှတ်ထားသောနေရာတွင် အင်တာနက်အသုံးပြုနိုင်သဖြင့် အွန်လိုင်းစာမျက်နှာများနှင့် အချက်အလက်များကို လွယ်ကူချောမွေ့စွာ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဟုမ္မလင်းမြို့နယ်တွင်လည်း ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် GSM မိုဘိုင်းစခန်း ၁၅ ခုကို ဖုန်းခေါ်ဆိုမှု(အသံ)၊ စာတိုပေးပို့မှု(SMS) ဖွင့်လှစ်အသုံးပြုပေးထားကာ Transmission အဝေးဆက်ကြောင်းလိုင်းဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိနေသေးသဖြင့် ပြည်သူများဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် သတ်မှတ်နေရာတွင် အင်တာနက်ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန်စီစဉ်ဆောင်ရွက်ပေးထားသည်။

အလားတူ ဖောင်းပြင်မြို့နယ်တွင်လည်း မိုက္ကရိုဝေ့အဝေးဆက်ကြောင်းနှင့် ပင်မဖိုင်ဘာဆက်ကြောင်း ပြတ်တောက်မှုဖြစ်ပွားနေရခြင်းအတွက် လက်ရှိတွင် ဂြိုဟ်တုဆက်သွယ်ရေးစနစ် အသုံးပြု၍ ဖောင်းပြင်မြို့နယ်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများပေးအပ်နိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

**❖ ပြင်သစ်စူပါဖလားမှ**

အကောင်းဆုံးပြန်လည်တုံ့ပြန်ကစားနိုင်ခဲ့ကာ ပွဲချိန် ၃၂ မိနစ်တွင် သာရူဗင်က လန်းအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့နောက် ပွဲချိန် ၃၉ မိနစ်တွင် လန်းအသင်းကစားသမား အန်တိုနီတိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီးနောက် ပီအက်စ်ဂျီအသင်းက ပွဲချိန်တစ်လျှောက် အဘက်ဘက်မှအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း လန်းအသင်းဂိုးသမားရီဆာ အကောင်းဆုံးလက်စွမ်းပြကာကွယ်နိုင်ခဲ့မှုများကြောင့် ပီအက်စ်ဂျီအသင်း ချေပဂိုးပင်သွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် လန်းအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

STA




---

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပ



မန္တလေး ဩဂုတ် ၁၇

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၇၂ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးတို့က မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၉ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးလျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုပေးပါရန် တင်သွင်းပြီး လွှတ်တော်ဥက္ကဋ္ဌက ၎င်းလျာထားချက်နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောတူသည့်အတွက် လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ် (၁/၂၀၂၆)ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂) စုံညီခုံရုံး၌ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၁/၂၀၂၆)ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ရေဘေးသင့်ချင်းတူပေမယ့် အကြမ်းဖက်သမားများကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလှမ်းဝေးနေရသော ပြည်သူများ”**ခေါင်းစဉ်ဖြင့် ၁၉-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၆-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင်**“အစိုးရသစ်၏ ပိုမိုခိုင်မာလာသော နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေး”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အာဖရိကဝက်အပြင်းဖျားရောဂါ (ASF)နှင့်စပ်လျဉ်း၍ စားသုံးသူပြည်သူများ သိရှိလိုက်နာရန် အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever – ASF) ဖြစ်ပွား၍ သေဆုံးသော ဝက်သားများကို စားသုံးမိပါက လူများပါ ရောဂါကူးစက်နိုင်သည်ဟူသော မှားယွင်းသည့် ကောလာဟလသတင်းများ ပြည်သူလူထုအတွင်း ထွက်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုများမရှိစေရန်နှင့် အချက်အလက်မှန်ကန်စွာ သိရှိနိုင်စေရန် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH)တို့၏ သိပ္ပံနည်းကျအတည်ပြုချက်များအရ အောက်ပါအတိုင်း အသိပေးရှင်းလင်းအပ်ပါသည်–

(၁) **လူသားများသို့မကူးစက်ခြင်း–** အာဖရိကဝက်အပြင်းဖျားရောဂါ (ASF)သည် ဝက်များကိုသာ အဓိကကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး လူသားများသို့ လုံးဝ(လုံးဝ) မကူးစက်တတ်ပါ(Not zoonotic)။ သေဆုံးသွားသော ဝက်၏ အသားကို စားသုံးမိခြင်းကြောင့် လူ၏ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်ပျက်စီးစေခြင်းမရှိပါ။

(၂) **အစားအသောက်ဘေးကင်းလုံခြုံရေး(Food Safety)–** ဗိုင်းရပ်စ်ကိုယ်တိုင်က လူကို မကူးစက်သော်လည်း ရောဂါဖြစ်ပွားသော ဝက်သားများတွင် အခြားသောဗက်တီးရီးယားပိုးမွှားများ တွဲဖက်ပါရှိလာနိုင်ခြေရှိသဖြင့် သံသယရှိသည့် အသားနှင့် အသားထွက်ပစ္စည်းများကို ဝယ်ယူစားသုံးခြင်း မပြုပါရန်နှင့် ဝယ်ယူရာတွင်လည်း သန့်ရှင်းလတ်ဆတ်မှုကို ဂရုစိုက်ရန်နှင့် စားသုံးရာတွင် အပူချိန်လုံလောက်စွာပေး၍ အနည်းဆုံး 70°C နှင့်အထက်ဖြင့် ကျက်အောင် (စနစ်တကျ)ချက်ပြုတ်စားသုံးကြရန်လိုအပ်ပါသည်။

(၃) **စျေးကွက်အတွင်းစစ်ဆေးမှုများ–** သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများအနေဖြင့်လည်း ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကွင်းဆက်တစ်လျှောက်တွင် ကျန်းမာရေးစစ်ဆေးမှုများကို အထူးကြပ်မတ်လုပ်ဆောင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အခြေအမြစ်မရှိသော ကောလာဟလသတင်းများကို မယုံကြည်ကြရန်နှင့် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ သန့်ရှင်းလတ်ဆတ်သည့် အသားများကို လုံလောက်စွာအပူပေး၍ ချက်ပြုတ်စားသုံးကြပါရန် မေတ္တာရပ်ခံနှိုးဆော်အသိပေးအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ် ဩဂုတ် ၁၇ ရက် ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ

(၁၇ - ၈ - ၂၀၂၆)

| | | | | |
|---|---|---|---|---|
| ညောင်ဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၄ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မှော်ဘီ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရန်ကုန် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပုသိမ် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၃ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |




အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သူများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။




အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ အပြီးတိုင် မီးရှို့ဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများကို(၁၇-၈-၂၀၂၆)တွင် မဖြိုဖျက်မီမှတ်တမ်းဓာတ်ပုံ။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများကို (၁၇-၈-၂၀၂၆)တွင် ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှု မှတ်တမ်းဓာတ်ပုံ။

**◆ မြဝတီမြို့နယ်အတွင်းမှ**

အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်းလုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ရာတွင် အသုံးပြုခဲ့ကြသည့် တရားမဝင် အဆောက်အအုံများ ပြန်လည်အသုံးမပြုနိုင်အောင်လည်း အပြီးတိုင်စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် တပ်မတော်စစ်ကြောင်းများက တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့၍ ပူးပေါင်းပါဝင်မှုနှင့်အတူ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများသည် အဆိုပါဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချနေထိုင်လုပ်ကိုင်လျက်ရှိကြောင်း သတင်းအရ လိုအပ်သည့်နယ်မြေလုံခြုံရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၇ ရက်တွင် အဆိုပါဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံ ရှစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ကိုင်နေကြသူ အမျိုးသား ၆၅၂ ဦး၊ အမျိုးသမီး ၁၂၅ ဦး စုစုပေါင်း၇၇၇ဦးတို့ကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အထက်ပါဖြစ်စဉ်မှ သိမ်းဆည်းရမိလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ကွန်ပျူတာ ၈၅ လုံး၊ ဖုန်းမျိုးစုံ ၁၈၃ လုံး၊ Star Link တစ်လုံးတို့ကိုလည်း ပြန်လည်အသုံးမပြုနိုင်စေရန်အတွက် ဩဂုတ် ၁၂ ရက်တွင် မီးရှို့ဖျက်ဆီးပြီးဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိခဲ့သည့်နေရာရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် နိုင်ငံတော်ကခွင့်ပြုချက်မရှိဘဲ တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံများကို ပြန်လည်အသုံးပြုခြင်းမရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ဌာနဆိုင်ရာအဖွဲ့များဖြင့် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၂ ရက်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာ၌ အသုံးပြုခဲ့သည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ နှစ်လုံးကိုလည်းကောင်း၊ ဩဂုတ် ၁၃ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကိုလည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကိုလည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် တစ်ထပ်လူနေ အဆောက်အအုံ တစ်လုံးကိုလည်းကောင်း၊ ဩဂုတ် ၁၆ ရက်တွင် တစ်ထပ်လူနေ အဆောက်အအုံ တစ်လုံးကိုလည်းကောင်း၊ ယနေ့တွင် တစ်ထပ်လူနေအဆောက်အအုံ တစ်လုံးနှင့် သုံးထပ်လူနေ အဆောက်အအုံ တစ်လုံးတို့ကိုလည်းကောင်း စုစုပေါင်း အဆောက်အအုံ ရှစ်လုံးကို ယမ်းများဖြင့် စနစ်တကျ ဖောက်ခွဲဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါနယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အခြေချလုပ်ကိုင်မှုမရှိစေရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဩဂုတ် ၂ ရက်မှစ၍ တစ်ဆင့်ပြီးတစ်ဆင့် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲပိုင်းတွင် အထက်ပါဖမ်းဆီးရမိခဲ့သည့် နေရာ၏ အရှေ့တောင်ဘက် မီတာ ၄၀၀ ခန့်အကွာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အလျား ပေ ၁၀၀၊ အနံ ပေ ၄၀ သွပ်မိုး တစ်ထပ် အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၈၀၊ အနံ ပေ ၂၀၊ သွပ်မိုး တစ်ထပ် အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၅၀၊ အနံ ပေ ၄၀ သွပ်မိုး တစ်ထပ် အဆောက်အအုံ နှစ်လုံး၊ အလျား ပေ ၅၀၊ အနံ ပေ ၂၀ သွပ်မိုး တစ်ထပ် အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၉၀၊ အနံ ပေ ၂၀ သွပ်မိုး တစ်ထပ် အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၃၀၊ အနံ ပေ ၂၀ Steel Structure ရေတိုင်ကီအကြီး နှစ်လုံးပါ သွပ်မိုး အဆောက်အအုံ တစ်လုံးတို့ကို ထပ်မံ သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများကို အခကြေးငွေရယူပြီး အကာအကွယ်ပေးနေသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ ခုနစ်ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းအချို့၊ လက်နက်မျိုးစုံ၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သားအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများ

**စာမျက်နှာ ၂၅ သို့**



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

● ဝန်မြစ်ရေကာတာမှ

လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile (သံမဏိတိုင်များ)ရိုက်သွင်းခြင်းစသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(ဒ၀ဘ)





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။





ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများကို (၁၇-၈-၂၀၂၆)တွင် အပြီးတိုင်ဖောက်ခွဲဖြိုချဖျက်ဆီးပြီး မှတ်တမ်းဓာတ်ပုံ။



ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများကို တပ်မတော်စစ်ကြောင်းများက ဝင်ရောက်ရှင်းလင်းနေစဉ်။

စာမျက်နှာ ၂၄ မှအဆက်

ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကိုအထူးအလေးထား၍ တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဒ၀ဘ)

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





## ၁၇-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၈.၄ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၁၈၉,၅၉၂.၉၂ | - | ၄၅,၁၆၃,၇၃၀.၁၂ | - |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကားဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ စာရေးကိရိယာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# မှတ်သားမိသောစကားများ

**မောင်နှင်းဆီ**

**မှန်ကန်တဲ့သဘောထား**
**- လုပ်ဖော်ကိုင်ဖက်ကို လေးစားတာဟာ အရည်အချင်းတစ်မျိုးဖြစ်တယ်။**
**- လက်အောက်ငယ်သားကို လေးစားတာဟာ သူတော်ကောင်းတရားတစ်မျိုးဖြစ်တယ်။**
**- ပြိုင်ဘက်ကို လေးစားတာဟာ ရင့်ကျက်တဲ့ စိတ်နေသဘောထားတစ်မျိုးပဲ။**
**- အင်အားကြီးသူကို လေးစားတာက မုဒိတာနှစ်သက်ခြင်းသဘောပဲ။**
**- အင်အားငယ်သူကို လေးစားတာဟာ ကရုဏာတရားတစ်မျိုးဖြစ်တယ်။**

**လူရွှန်း(၁၈၈၁-၁၉၃၆)**
**တရုတ်စာရေးဆရာ**

လူ့အဖွဲ့အစည်းတစ်ခုရဲ့ အကောင်အထည်ဖော်လုပ်ဆောင်တဲ့လုပ်ငန်းစဉ်ကြီးတစ်ရပ်ဟာ စုပေါင်းလုပ်ဆောင် အောင်မြင်တယ်ဆိုရင် ပါဝင်တဲ့လူသားအချင်းချင်းပဋိပက္ခမရှိကြဘဲ (ဝိရောဓိတော့ရှိကောင်းရှိမယ်)ရင်းရင်းနှီးနှီးချစ်ချစ်ခင်ခင်ပူးပေါင်းအကောင်အထည်ဖော်လို့အောင်မြင်တာပါပဲ။ လူသားမှမဟုတ်ပါဘူး။ ခြတွေ၊ ပျားတွေလဲ ဒီလိုပဲ စည်းစည်းလုံးလုံး ညီညီညာညာ ပူးပေါင်းလုပ်ဆောင်တတ်ကြတာမို့ ပျားအုံတွေ၊ ခြအုံတွေ တည်ဆောက်နိုင်တာလေ။

လူဆိုတာက ဆက်ဆံရေးသတ္တဝါဆိုလဲမှန်တယ်။ လူဆိုတာ နိုင်ငံရေးသတ္တဝါဆိုလဲ ဟုတ်တာပဲ။ လူမျိုး၊ ဘာသာ၊ နေထိုင်ရာ၊ ဦးတည်ချက်၊ ခံယူချက်၊ သဘောထားတူရာစုပေါင်းပြီး အဖွဲ့အစည်း၊ အသင်းအပင်းကို ခေတ်အဆက်ဆက်တိုးတက်အောင် စွမ်းဆောင်နိုင်ခြင်းရဲ့အကြောင်းရင်းကတော့ ဆက်ဆံရေးသဘောထားကောင်းမွန်ခြင်းကြောင့်ပါပဲ။

အနိမ့်အမြင့်၊ အထူအပါး၊ အကောင်းအဆိုး၊ အပိန်အဝမတူကြတဲ့ လူအမျိုးမျိုးဟာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး သို့မဟုတ် ကိုယ့်ပါတီ၊ ကိုယ့်မြို့ရွာကောင်းကျိုးအတွက် ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ တာဝန်ကိုယ်စီပါဝင်ထမ်းဆောင်ကြရင်း အောင်မြင်တိုးတက်ခြင်းရဲ့အရင်းခံ မှန်ကန်တဲ့သဘောထားက ဘာလဲဆိုရင် "အပြန်အလှန်လေးစားမှု"(Reciprocal Respect) ဖြစ်ပါတယ်။ ဒီအနှစ်သာရကို အမေရိကန်လည်းသိတယ်။ အိန္ဒိယနိုင်ငံသား(သူတို့ထဲမှာ ဘာသာမတူ၊ လူမျိုးခြားနားကြတာ လူဦးရေ သန်းပေါင်း ၁၄၀၀ ရှိတာဖြစ်ပေမဲ့)အားလုံးကလည်း နားလည်တယ်။ လူဦးရေ သန်းပေါင်း ၁၄၀၀ နီးပါးရှိတဲ့ တရုတ်နိုင်ငံသားတွေလဲ(ဟန်လူမျိုးအပြင် အခြားဘာသာမတူ၊ လူမျိုးမတူတဲ့သူတွေလဲ ရှိကြပေမဲ့လဲ)သဘောပေါက်ကြတယ်။ လူသားအချင်းချင်း အပြန်အလှန်လေးစားချစ်ခင်ပြီး ပူးပေါင်းလုပ်ဆောင်ခြင်းဟာ အပေါင်းလက္ခဏာမဟုတ်ဘူး။ အမြှောက်လက္ခဏာဆိုတဲ့ အဆများစွာထိရောက်နိုင်စွမ်းရှိကြောင်းသိကြတယ်။ နိုင်ငံများတိုးတက်အောင်မြင်ကြရတဲ့ အကြောင်းရင်းတရားသမိုင်းသင်ခန်းစာက နိုင်ငံသားများရဲ့စည်းလုံးညီညွတ်မှုစွမ်းအားကိုဖြစ်ပေါ်စေတဲ့(သံလိုက်ဓာတ်ဆွဲငင်အား) လေးစားမှုအနှစ်သာရရှိရမယ်ဆိုတာ သိရှိအသုံးချခဲ့ကြတယ်။ "လေးစားတတ်ခြင်း"ကို ယနေ့လဲအသုံးပြုနေလို့ အောင်မြင်နေဆဲပဲ။ နောင်လဲ လေးစားတတ်ခြင်းကြောင့် ဆက်လက်ပြီး အောင်မြင်တိုးတက်ကြဦးမှာပါပဲ။ မလွဲသေချာ။

မြန်မာနိုင်ငံ မြန်မာလူမျိုးတို့ ဘာလို့မတိုးတက်တာလဲအဖြေရှာရင် ခြင်းတောင်းထဲက ကြက်တွေလို တစ်ကောင်နဲ့တစ်ကောင် ဆိတ်ကြ၊ ရန်လုပ်ကြနဲ့ အချိန်ကုန်ခဲ့သလိုဖြစ်မနေပေဘူးလား။

ခြင်းထဲကကြက်ထက် ပိုဆိုးတဲ့သတ္တဝါတစ်မျိုးရှိပါသေးတယ်။ ရေစပ်မှာ အဝကျဉ်းတဲ့အိုးထဲကို နှမ်းဖတ်နဲ့ ကြက်သား၊ အမဲသားအညှီနံ့ပါမဲ့ အသားစအနည်းငယ်ထည့်ပြီး ရေမြုပ်ရုံလေး တစ်ညနေမှာ မြှုပ်ထားခဲ့။ နောက်နေ့ဆို ပုစွန်လုံး၊ ကဏန်းတွေ အိုးတစ်ဝက်၊ အပြည့်ဖမ်းမိပါလိမ့်မယ်။

ဘာကြောင့် ဒါလောက်အများကြီးကဏန်းတွေ ကိုရရှိတာလဲ။ တိုတိုပြောရရင် အပေါ်တက်ပြီးထွက်ဖို့ကြိုးစားတဲ့ကဏန်းကို အောက်ကကဏန်းတွေက မတက်နိုင်အောင် ဆွဲချနေကြတဲ့အကျင့်ဆိုးကြောင့် အကုန်လုံး ဟင်းအိုးထဲရောက်သွားခြင်းနဲ့ နိဂုံးချုပ်စေခဲ့တာပါ။ တက်တဲ့အကောင်ကို အောက်က အကောင်က ဆွဲချနေတာ မြင်ယောင်ကြည့်လိုက်ပါ။

**❖ အဖွဲ့အစည်း၊ အသင်းအပင်းကို ခေတ်အဆက်ဆက်တိုးတက်အောင် စွမ်းဆောင်နိုင်ခြင်းရဲ့အကြောင်းရင်းကတော့ ဆက်ဆံရေးသဘောထားကောင်းမွန်ခြင်းကြောင့်ပါပဲ။ အနိမ့်အမြင့်၊ အထူအပါး၊ အကောင်းအဆိုး၊ အပိန်အဝမတူကြတဲ့ လူအမျိုးမျိုးဟာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး သို့မဟုတ် ကိုယ့်ပါတီ၊ ကိုယ့်မြို့ရွာကောင်းကျိုးအတွက် ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ တာဝန်ကိုယ်စီ ပါဝင်ထမ်းဆောင်ကြရင်း အောင်မြင်တိုးတက်ခြင်းရဲ့ အရင်းခံ မှန်ကန်တဲ့သဘောထားက ဘာလဲဆိုရင် "အပြန်အလှန်လေးစားမှု" (Reciprocal Respect) ဖြစ်ပါတယ်။ ❖**

မြန်မာအချို့ ဖုန်းထဲက ဆိုရှယ်ပလက်ဖောင်းမျိုးစုံမှာ ရေးနေကြတာ ဖတ်ကြည့်လိုက်ပါ။ ဘေးတိုက်သွားတဲ့ ကဏန်းတွေ။

ကမ္ဘာကျော်တရုတ်စာရေးဆရာကြီး လူရွှန်း ရေးဖူးတဲ့ လေးစားခြင်းတရားရဲ့ ဂုဏ်ရည်မြင့်မားမှုနဲ့ တန်ဖိုးရှိခြင်းကို လုံးဝနားမလည်ဘဲ လူလူချင်း လေးစားမှုကင်းမဲ့စွာ ရေးနေ၊ ပြောနေကြတာ ထောက်ရှုခြင်းအားဖြင့် နိုင်ငံနဲ့လူမျိုးကို တိုးတက်အောင် စည်းလုံးညီညွတ်စွာပူးပေါင်းရွက်ဆောင် အောင်မြင်ရေးဟာ ဝေးသလား၊ နီးသလား။

မြန်မာပညာရှိအကျော်အမော် ဆရာတော်ကြီးတစ်ပါးဖြစ်တဲ့ မန်လည်ဆရာတော် အရှင်ဇဝန (၁၈၄၁-၁၉၂၀)သီကုံးရေးဖွဲ့တော်မူသော "မဟာသုတကာရီမဃဒေဝလင်္ကာသစ်"တွင် ဤသို့သတိပေးလမ်းညွှန်ခဲ့ဖူးပါတယ်။(၁၉၀၄ ခုနှစ်မှာ ပြုစုပြီးစီးခဲ့တဲ့ကျမ်းပါ။) နှစ်ပေါင်းများစွာအချိန်ယူစီရင်တာမို့ မှတ်သားနာယူစရာ အနှစ်သာရတွေ အင်မတန်များပါရဲ့။

**"သူ့ကိုချီးမြှောက် ကိုယ်ဂုဏ်မြောက်၏၊**
**ယွင်းဖောက်အလို ဝန်မတိုနှင့်၊**
**သူ့ကိုဂုဏ်နှိမ့် ကိုယ့်ဂုဏ်နှိမ့်၏၊**
**စည်းစိမ့်အရာ သူ့ချမ်းသာ၌**
**ဣဿာမပြု ဝမ်းမြောက်ရှုလော့"**

ကမ္ဘာကျော်တရုတ်စာရေးဆရာကြီး လူရွှန်း (အချို့က လူရွှင့်လို့ အသံထွက်ရမယ်ဆိုပါတယ်) ရဲ့ လမ်းညွှန်ဩဝါဒကို တရုတ်နိုင်ငံသားပြည်သူများက လေးစားလိုက်နာကျင့်သုံးကြလို့ လက်တွေ့မှာလဲ တရုတ်နိုင်ငံဟာ ၁၉၆၀-၁၉၇၀ ပြည့်နှစ်လောက်အချိန်ထိ ဆင်းရဲငတ်မွတ်ခြင်းနွံအတွင်းမှာ ရုန်းကန်နေခဲ့ရတဲ့အခြေအနေမှ ၂၁ ရာစုကာလမှာ အဘက်ဘက်မှာ ထူးထူးခြားခြားတိုးတက်ဖွံ့ဖြိုးအောင်မြင်သွားတာ ကြည့်မြင်နိုင်ပါတယ်။ **လူလူချင်းလေးစားစွာဆက်ဆံနိုင်ခဲ့လို့။**

မိမိတို့မြန်မာနိုင်ငံသားတွေအများစုဟာ ဗုဒ္ဓဘာသာကိုးကွယ်ကြသူတွေလို့ ဆိုပင်ဆိုကြငြားပေမယ့် ယနေ့ခေတ်လူငယ်အများစုဟာ ဘာသာတရားအဆုံးအမနဲ့ အတော်ကြီးပဲ ဝေးကွာခဲ့ကြရှာပါပြီ။

နိဿယကျမ်း၊ ကထာကျမ်း၊ ပကာသနီကျမ်း၊ ဆန်းသံခိပ် စသဖြင့် ကျမ်းကြီးကျမ်းငယ်အမျိုးမျိုး ကျမ်းစာအုပ်ပေါင်း ၃၀ ကျော် ပြုစုတော်မူခဲ့တဲ့ မန်လည်ဆရာတော်အရှင်ဇဝန (၁၈၄၁-၁၉၂၀)ရဲ့ စာများကိုဖတ်ဖူးသူဆိုရင် အင်မတန်ရှားပေလိမ့်မယ်။ ဝယ်ယူရန်မတိုက်တွန်းလိုပေမယ့် နီးစပ်ရာစာကြည့်တိုက်တစ်ခုခုမှာတော့ **"မဟာသုတကာရီမဃဒေဝလင်္ကာသစ်"**ဆိုတဲ့ အလွန်တရာဖတ်ချင်စရာကောင်းပြီး လူတိုင်းလူတိုင်းမှတ်သားရမယ့်အဆုံးအမအသိဉာဏ်ပညာဗဟုသုတတွေပါဝင်လို့ မေးမြန်းရှာဖွေပြီး ဖတ်ကြစေလိုကြောင်း စိတ်ရင်းစေတနာကောင်းနဲ့ အကြံပြုဖော်ပြပါရစေ။

စာရေးသူတာဝန်ရှိတဲ့ နေရာတစ်ခုသို့ရောက်ခဲ့စဉ်ကလဲ ပျံလွန်တော်မူပြီးတာ၊ ကွယ်လွန်ခဲ့ကြတာ နှစ်ပေါင်း ၅၀ ကျော်ခဲ့တဲ့အတွက် တရားဥပဒေအရ မူပိုင်ခွင့်ဥပဒေမှာပါတဲ့ လွတ်လပ်စွာပြည်သူအများ လွယ်ကူစွာစာပေအမွေအနှစ်ကို(မိမိနိုင်ငံသားတိုင်း) အကျိုးရှိခံစားကြစေသောငှာ စာကောင်းပေမွန်များ ရွေးချယ်ထုတ်ဝေကြရန် လမ်းညွှန်မှာကြားပေမယ့် မလုပ်ဖြစ်ခဲ့ကြပါဘူး။

ဥပမာ-မန်လည်ဆရာတော်အရှင်ဇဝန ပြုစုခဲ့တဲ့ **"မဟာသုတကာရီမဃဒေဝလင်္ကာသစ်"လို ကျမ်းစာအုပ်ကိုထုတ်ဝေပါ။ ဆရာကြီး ရွှေဥဒေါင်းလို၊ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်လို (ဘယ်အချိန်ဖတ်ဖတ်မရိုးနိုင်အောင်ကောင်းတဲ့ စာဖတ်ပရိသတ်ဝယ်လိုအားလဲ သိသိသာသာဈေးကွက်ကျယ်ပြန့်တဲ့) စာအုပ်ကောင်းတွေကို ပုံနှိပ်ထုတ်ဝေရန် မှာကြားခဲ့ပါသော်လည်း အထမမြောက်ခဲ့ပါ။ သို့ပေမယ့်လဲ မိမိထုတ်ဝေစေလိုတဲ့ ဒေါက်တာမောင်မောင်၊ ဒေါက်တာ ခင်အေး၊ ဗိုလ်မှူးချုပ်တင့်ဆွေ၊ ဗိုလ်မှူးချုပ်သန်းတင်၊ ဆရာကြီးလေးမြိုင် စတဲ့စာအုပ်တွေကိုတော့ လိုက်နာပြီးလုပ်ဆောင်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရပါသေးရဲ့"**

ဝန်ထမ်းလောကမှာ နှစ်ပေါင်း ၄၀ နီးပါးထမ်းရွက်ခဲ့တဲ့အတွေ့အကြုံအရ အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးအောင်သင်း(၁၉၂၇-၂၀၁၄)ပြောဖူးတဲ့စကားတစ်ခွန်းဟာ မှန်လိုက်လေနော်လို့ အောက်မေ့မိပါတယ်။ မှတ်သားမိတဲ့စကားတစ်ခွန်းက **"ဆရာကောင်း"**တဲ့။

**"တပည့်မဖြစ်ဘဲ ဘယ်တော့မှ ဆရာမဖြစ်နိုင်။ တပည့်ကောင်းဖြစ်မှ ဆရာကောင်းဖြစ်တယ်။"**

စနစ်တစ်ခု၊ ခေတ်တစ်ခေတ်ပြောင်းခဲ့ချင်တယ်ဆိုရင် အလွှာအဆင့်ဆင့် (ထိပ်ဆုံးမှ အောက်ဆုံးအလွှာထိ) အထက်အောက်ဘေးနံ၊ အပြန်အလှန်လေးစား၊ ယုံကြည်၊ ချစ်ခင်၊ စည်းလုံးမှုတည်ဆောက်ကြရမှာပါ။ ခေါင်းဆောင်တစ်ဦးတစ်ယောက်တည်းတော်ရုံနဲ့လဲ မပြီးမြောက်နိုင်ပါ။

အစုလိုက်အဖွဲ့လိုက်ခေါင်းဆောင်တွေ အဆင့်ဆင့်၊ အမျိုးမျိုးရှိကြပါတယ်။ ထိပ်ပိုင်းခေါင်းဆောင်မှသည် အဆင့်မြင့်၊ အဆင့်လတ်၊ ဂရိတ်တူး၊ ဂရိတ်သရီး စတဲ့အစိုးရအရာထမ်း(ခေါင်းဆောင်)အားလုံးတို့ဟာ-

**၁။ သင်ကြားလေ့ကျင့်ပေးတတ်တဲ့တာဝန်**
**၂။ နမူနာကောင်းပြနိုင်စွမ်းတဲ့တာဝန်နဲ့**
**၃။ အခြားသူများအပေါ် ဩဇာ(လွှမ်းမိုး)နိုင်တဲ့တာဝန်**

**ဒီအချက်သုံးချက် မရှိမဖြစ်ပြည့်စုံကြရပါမယ်။** အစိုးရဝန်ထမ်းတွေက ပြည်သူအတွက် လေးစားခြင်းနဲ့ ဝန်ဆောင်မှုအကောင်းဆုံးပေးမယ်(စေတနာ)ဆိုတဲ့ အပြုအမူမျိုးကင်းမဲ့နေပြီး ရာထူးမာန်၊ အာဏာရာဇမာန်တက်တဲ့ မျက်နှာထားတွေနဲ့ ဆက်ဆံနေသမျှ အရွေ့တစ်ခုရဖို့မလွယ်ပါ။

**အစိုးရဝန်ထမ်းတွေမှာ ခေါင်းဆောင်မှုအရည်အသွေး(များများမလိုအပ်ပါဘူး) တစ်ချက်ရှိရင်ရပါပြီ။ "စံနမူနာပြသပါ။"**

လုပ်ပုံကိုင်ပုံ၊ နေပုံထိုင်ပုံ၊ စည်းကမ်းရှိပုံ၊ ပြည်သူကို လူလူချင်းလေးစားစာနာတတ်ပုံ၊ ကျင့်ဝတ်ဖြောင့်မတ်ပုံ၊ လာဘ်ပေးလာဘ်ယူကင်းရှင်းပုံ၊ နိုင်ငံတိုးတက်အောင် စိတ်ပါလက်ပါထမ်းဆောင်ပုံ စသဖြင့် **ကောင်းတဲ့ဘက်မှာ "နမူနာပြပါ"**ဒါလေးပဲ။

ငါတို့ဌာနရဲ့ဂုဏ်ကို မြှင့်တင်နိုင်အောင် လုပ်ပြမယ်ဆိုတဲ့ ကမ္ဘာ့အဆင့်ဘောလုံးသမားတွေ ကြိုးစားကန်ပြသလောက် လုပ်ပြလိုက်ပါ။ နောက်က ပြည်သူတစ်ရပ်လုံးဟာ အုန်းအုန်းကျွက်ကျွက် ပျော်ပျော်ပါးပါး၊ ထက်ထက်သန်သန်လိုက်ပါလုပ်ဆောင်လာမှာ မလွဲပါ။ သေချာပါရဲ့ခင်ဗျာ။

တိုင်းပြည်တိုးတက်အောင်လုပ်ဆောင်ဖို့က တစ်နေ့တစ်ရက်နဲ့ မရဘူး။ ခေါင်းဆောင်တစ်ယောက်၊ တစ်စုတစ်ပါတီနဲ့မရဘူး။ နိုင်ငံသူ၊ နိုင်ငံသား လှည်းနေလှေအောင်း မြင်းဇောင်းမကျန် "တို့လူလေးများဆိုသလေး..." "ဝေးဟေးဟေး"ဆိုပြီး ရှေးခေတ်မြန်မာနိုင်ငံတော်ကြီးများကို ထူထောင်တည်ဆောက်အောင်မြင်ခဲ့ပုံမျိုးလို၊ ယနေ့ခေတ်အိမ်နီးချင်းနိုင်ငံကြီးများ အရှိန်အဟုန်နဲ့ လျင်လျင်မြန်မြန်တည်ဆောက်ကြပုံမျိုးလို၊ မိမိတို့ တစ်စိတ်တစ်ဝမ်း၊ ရည်မှန်းချက်ပန်းတိုင်ကို ရှေးရှုနေကြရပါမယ်။ ပြည်သူတိုင်းမှာ တာဝန်ရှိနေပါတယ်။

တိုင်းပြည်တိုးတက်ဖို့ရာ အခြေခံလိုအပ်ချက်တွေရှိတယ်လေ။ ပြည်သူတိုင်းက တစ်ယောက်တစ်လက်တစ်အား ပါဝင်ကြိုးစားကြရမယ်လေ-

**၁။ စည်းကမ်းရှိမှု၊ ဥပဒေစိုးမိုးမှု**
**၂။ ညီညွတ်မှုဟာ သဟဇာတဖြစ်မှု**
**၃။ ဖွံ့ဖြိုးတိုးတက်ရမည်ဟု ခိုင်ခိုင်မာမာယုံကြည်မှု**
**၄။ လူတွေက တာဝန်သိမှု၊ တာဝန်ကျေမှု**
**၅။ အလုပ်ကြိုးစားမှု၊ စိတ်အားထက်သန်မှု**
**၆။ အသိပညာ၊ အတတ်ပညာရှိကြမှု**
**၇။ လုံခြုံမှု**
**၈။ နိုင်ငံရေးတည်ငြိမ်မှု**
**၉။ အချင်းချင်းလေးစား၊ ယုံကြည်မှုသံယောဇဉ်**
**၁၀။ ပြည်ပ၊ ပြည်တွင်း အနှောင့်အယှက်ကင်းရှင်းမှု၊ (အတားအဆီး၊ အပိတ်အဆို့နည်းစေနိုင်မှု)**

# ဥရောပနိုင်ငံများတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်လာသဖြင့် အဓိကမြစ်များ၌ မြစ်ရေကျဆင်းမှုများ ဖြစ်ပေါ်နေ



**ရောမ ဩဂုတ် ၁၇**

ဥရောပနိုင်ငံများတွင် အပူလှိုင်း ဖြတ်သန်းကာ အပူချိန်မြင့်တက်လာသဖြင့် အဓိကမြစ်များ၌ မြစ်ရေကျဆင်းမှုများ ဖြစ်ပေါ်နေကြောင်း အီတလီနိုင်ငံတွင် အခြေစိုက်သည့် တစ်ကမ္ဘာလုံးဆိုင်ရာ မိုးခေါင်မှု စောင့်ကြည့် လေ့လာရေးအဖွဲ့က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုနှင့် မြေအောက်ရေ အရင်းအမြစ် ခန်းခြောက်နေသော နိုင်ငံများတွင် ဂျာမနီနိုင်ငံ၊ ရိုမေးနီးယားနိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ချက်နိုင်ငံနှင့် စလိုဗက်ကီးယား နိုင်ငံတို့ပါဝင်နေကြောင်း၊ ဂျာမနီ နိုင်ငံ ရိုင်မြစ်ဝှမ်းတွင် မြစ်ရေကျဆင်း မှုအဆိုးရွားဆုံးဖြစ်ပြီး ပြီးခဲ့သော ဇူလိုင်လ အလယ်ပိုင်းကတည်းက ရေခန်းခြောက်မှု ဖြစ်ပေါ်နေခြင်း ဖြစ်ကြောင်း သိရသည်။

"ဥရောပနိုင်ငံတွေမှာ အပူလှိုင်း ဖြတ်သန်းပြီးတော့ အပူချိန်မြင့် တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ နောက်ဆက်တွဲ ဆိုးကျိုးတွေက တော့ မြစ်ရေကျဆင်းမှုတွေ ဖြစ် ပေါ်နေပါတယ်။ ရေကြောင်းပို့ ဆောင်ရေးကဏ္ဍကို ထိခိုက်စေ ပါတယ်။ မြစ်ရေ စံချိန်တင်ကျဆင်း နေတဲ့ မြစ်ရေတွေကတော့ ဂျာမနီ နိုင်ငံက ရိုင်မြစ်ဝှမ်း၊ ပြင်သစ်နိုင်ငံ က ဂါရွန်နီမြစ်ဝှမ်းနဲ့ လိုင်ရီမြစ်ဝှမ်း၊ အီတလီနိုင်ငံက ပိုမြစ်ဝှမ်း၊ ဟန်ဂေ ရီနိုင်ငံက ဒန်နူဘီမြစ်ဝှမ်းတွေပဲ ဖြစ်ပါတယ်"ဟု မိုးခေါင်မှုစောင့် ကြည့်လေ့လာရေးအဖွဲ့မှ တာဝန်ရှိ သူတစ်ဦးက ပြောကြားသွားခဲ့ သည်။

Ref : Sputnik News

Trs : Sai Sat

# ကာဇက်စတန်နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် နေရာတချို့၌ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေပြီး နေရာတချို့တွင် မိုးသည်းထန်စွာရွာသွန်းနေ

**အက်စ်တာနာ ဩဂုတ် ၁၇**

ကာဇက်စတန်နိုင်ငံတွင် ရာသီ ဥတုပြောင်းလဲမှုကြောင့် နေရာ တချို့၌ အပူချိန်မြင့်တက်မှု ဖြစ် ပေါ်နေပြီး နေရာတချို့၌ မိုးသည်း ထန်စွာရွာသွန်းနေကြောင်း ကာ ဇက်စတန်မိုးလေဝသ ညွှန်ကြား ရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့ သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယနေ့မှစ၍ ပုံမှန်မဟုတ်သည့် ရာသီဥတုဖြင့် ရင်ဆိုင်နေရခြင်း ဖြစ်ပြီး မိုးသည်းထန်စွာရွာသွန်းနေ သည့် ဒေသများတွင် ရေကြီးရေလျှံ မှု ပြဿနာဖြင့် ရင်ဆိုင်ရနိုင်ပြီး အပူချိန်မြင့်တက်သော ဒေသများ တွင် တောမီးလောင်ကျွမ်းမှုအပြင် အပူချိန်မြင့်တက်မှုနှင့် ဆက်စပ် သော ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်ကြောင်း၊ အပူချိန် မြင့်တက်နေသည့် ဒေသများတွင် အပူချိန်ပမာဏမှာ ၃၆ ဒီဂရီစင်တီ ဂရိတ်ထိ ရောက်ရှိနေကြောင်း သိရသည်။

"နိုင်ငံအတွင်းမှာ ပုံမှန် မဟုတ်တဲ့ရာသီဥတုတွေနဲ့ ရင်ဆိုင် နေရပါတယ်။ နေရာတချို့မှာ မိုးသည်းထန်စွာ ရွာသွန်းနေပြီး တော့ နေရာတချို့မှာတော့ အပူ ချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေ ပါတယ်။ အပူချိန်မြင့်တက်မှု အနေနဲ့ အပူချိန်ပမာဏဟာ ၃၆ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေ ပါတယ်။ အပူချိန် ပမာဏဟာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိသွား နိုင်တယ်။ မိုးသည်းထန်စွာရွာသွန်း နေတဲ့ ဒေသတွေမှာတော့ မိုးသီး တွေကျရောက်နေပြီးတော့ ရေကြီး ရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေတွေမှာ ရှိနေပါတယ်" ဟု ကာဇက်စတန် မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ တာဝန် ရှိသူတစ်ဦးက ပြောကြား သွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ်တွင် ရေကြီးရေလျှံမှုများကြောင့် ဒေသခံခြောက်ဦးသေဆုံးခဲ့

**ဝါရှင်တန် ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ အင်ဒီယား နားပြည်နယ်တွင် အင်အားပြင်း မုန်တိုင်းများတိုက်ခတ်ပြီး ရေကြီး ရေလျှံမှုများကြောင့် လူခြောက်ဦး သေဆုံးခဲ့ကြောင်း ယနေ့သတင်း များအရ သိရသည်။

အဆိုပါသေဆုံးသူများထဲတွင် အသက်လေးနှစ်အရွယ် ယောက်ျား လေးတစ်ဦး ပါဝင်ကြောင်း အင်ဒီယားနားပြည်နယ် အရေး ပေါ်ကယ်ဆယ်ရေးအဖွဲ့မှ အရာရှိ များက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှု ဖြစ်ပေါ်နေ သည့်နေရာများမှာ ဒီလာဝဲကောင် တီ၊ ဂျန်နင်းကောင်တီ၊ လိတ် ကောင်တီ၊ ပေါ်တာကောင်တီနှင့် လာပေါ်တီ ကောင်တီတို့ဖြစ် ကြောင်း သိရသည်။



အင်ဒီယားနားပြည်နယ် အုပ်ချုပ်ရေးမှူး မိုက်ဘရွန်က နိုင်ငံတော်အစိုးရကို ပြည်နယ် အရေးပေါ်အခြေအနေ ကြေညာ ပေးရန် တောင်းဆိုထားကြောင်း၊ သို့မှသာ အရေးပေါ်အကူအညီများ အမြန်ဆုံးရရှိမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မုန်တိုင်းသည် အီလီနွိုက်၊ အင်ဒီယားနား၊ အိုဟိုင်း ယိုးနှင့် ကင်တပ်ကီပြည်နယ်များ ကို ဖြတ်သန်းတိုက်ခတ်ခဲ့ပြီး ဒေသခံပြည်သူ တစ်သန်းခန့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဘယ်လ်ဂျီယံနိုင်ငံတွင် လောင်ကျွမ်းနေသော တောမီးကြောင့် သစ်တောဧရိယာ ဟက်တာ ၃၀၀၀ ခန့် ပျက်စီးခဲ့ရ

**ဘရပ်ဆဲ ဩဂုတ် ၁၇**

ဘယ်လ်ဂျီယံနိုင်ငံတွင် လောင် ကျွမ်းနေသော တောမီးကြောင့် သစ်တောဧရိယာ ဟက်တာ ၃၀၀၀ ခန့် ပျက်စီးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘယ်လ်ဂျီယံနိုင်ငံ အရှေ့ပိုင်း ရှိ ဟိုက်ဖန်သဘာဝဘေးမဲ့တော တွင် ဩဂုတ် ၁၄ ရက်ကတည်းက လောင်ကျွမ်းနေသည့် တောမီး သည် သစ်တောဧရိယာများကို လောင်ကျွမ်းစေခဲ့ပြီး ယနေ့တွင် ဂျာမနီနိုင်ငံ နယ်စပ်ဘက်သို့ ထပ်မံပျံ့နှံ့နေသဖြင့် မီးသတ် တပ်ဖွဲ့ဝင်များက အဆိုပါ တောမီး ကို ထိန်းချုပ်နိုင်ရန် အပြင်းအထန် ကြိုးပမ်းနေကြောင်း သိရသည်။

အဆိုပါတောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေး ဘယ်လ်ဂျီယံ နိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူ ဂျာမနီနှင့် လူဇင်ဘတ် နိုင်ငံတို့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများက ပူးပေါင်းငြိမ်းသတ် ခဲ့ရကြောင်း၊ ထို့ပြင် နယ်သာလန် နိုင်ငံမှ ရဟတ်ယာဉ်များကို မီးငြိမ်း သတ်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့ ကြောင်း သိရသည်။

တောမီးသည် ဂျာမနီနိုင်ငံ ဘက်သို့ ရွေ့လျားနေသဖြင့် တောမီးကူးစက်နိုင်သည့် နေရာ များကို အာရုံစိုက်၍ ကြိုးစားငြိမ်း သတ်ထိန်းချုပ်နေကြောင်း၊ ထို့ပြင် တောမီး ကူးစက်လာနိုင်သည့် နေရာများမှ ဒေသခံများကို ဘေး လွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ ကြောင်း ဘယ်လ်ဂျီယံနိုင်ငံ ဝါလို နီးယားဒေသ အုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ စတက်ဖာနီ အာနူးက ပြောကြားခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံက အရေး ပေါ်အကူအညီ တောင်းခံခဲ့သဖြင့် ဥရောပသမဂ္ဂက ဥရောပတစ်ဝန်း မှ ရဟတ်ယာဉ်သုံးစင်းနှင့် မီးငြိမ်း သတ်ရေး လေယာဉ်နှစ်စင်းကို ထပ်မံ စေလွှတ်ပေးခဲ့ကြောင်း၊ ဥရောပတစ်ဝန်း အပူလှိုင်းများ ဆက်တိုက်ဖြစ်ပေါ်နေခြင်းကြောင့် မိုးခေါင်ရေရှားမှု ပိုမိုဆိုးရွားလာ ပြီးသစ်တောများ ခြောက်သွေ့ကာ ယခုကဲ့သို့ တောမီးလောင်ကျွမ်းမှု များ ပိုမိုပြင်းထန်လာခြင်းဖြစ် ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တောင်ကိုရီးယားနိုင်ငံဂိုဂျေကျွန်းမြို့နှင့် တွန်ယောင်းမြို့တို့တွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်

**ဆိုးလ် ဩဂုတ် ၁၇**

တောင်ကိုရီးယားနိုင်ငံ ဂိုဂျေ ကျွန်းမြို့နှင့် တွန်ယောင်းမြို့တို့ တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှု ဖြစ်ပေါ်နေကြောင်း တောင်ကိုရီး ယား အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့ အစည်းက ထုတ်ပြန်သွားခဲ့သည် ဟု ယနေ့သတင်းများတွင် ဖော် ပြထားသည်။

သုံးရက်ဆက်တိုက် မိုးသည်း ထန်စွာရွာသွန်းမှု ဖြစ်ပွားခဲ့ပြီး နောက် ရေကြီးရေလျှံမှု စတင်ခဲ့ ခြင်းဖြစ်ပြီး ဒေသခံတချို့ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေ ကြောင်း၊ မြေပြိုကျမှုကြောင့် သစ်ပင်ကြီးများလဲကျခဲ့၍ လမ်းမ ကြီးတချို့ကို ယာယီပိတ်ထားရပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေ ကြောင်း၊ မိုးရေချိန်မှာ ၈၀၀ မီလီ မီတာထိ မြင့်တက်လျက်ရှိနေပြီး ဒေသခံများကို ရေဘေးအန္တရာယ် လွတ်ရာ ကုန်းမြင့်ဒေသများသို့ ရွှေ့ပြောင်းပေးထားကာ ယာယီ ကယ်ဆယ်ရေးစခန်းများ၌ နေရာ ချပေးထားကြောင်း အရေးပေါ်စီမံ ခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန် သွားခဲ့သည်။

"ဂိုဂျေကျွန်းနဲ့ တွန်ယောင်းမြို့ တို့မှာ မိုးသည်းထန်စွာရွာသွန်း ပြီးတော့ ရေကြီးရေလျှံမှုတွေဖြစ် ပေါ်နေပါတယ်။ တောင်ကျရေတွေ ကြောင့် မြေပြိုကျမှုတွေလဲ ဖြစ် ပေါ်နေပြီးတော့ သစ်ပင်ကြီးတွေ လဲ လဲကျခဲ့ပါတယ်။ သစ်ပင်ကြီး တွေ လဲကျခဲ့တဲ့အတွက်ကြောင့် လမ်းပိတ်ဆို့မှုတွေ ဖြစ်ပေါ်နေပါ တယ်။ လမ်းပန်းဆက်သွယ်ရေး တွေ ခက်ခဲနေတယ်။ ဒေသခံ တစ်ဦးလဲ ရေဘေးအန္တရာယ် ကြောင့် သေဆုံးသွားခဲ့ပါတယ်။ ဒေသခံအမြောက်အမြားကို ဘေး လွတ်ရာ ရွှေ့ပြောင်းပေးနေပါ တယ်။ ရေဘေးအန္တရာယ်နဲ့ ကင်း လွတ်တဲ့ ကုန်းမြင့်ပိုင်းတွေကို ရွှေ့ပြောင်းပေးနေပါတယ်။ ယာယီ ကယ်ဆယ်ရေး စခန်းတွေမှာ နေရာချပေးထားပြီးတော့ လိုအပ် တဲ့ ကျန်းမာရေးစောင့်ရှောက်မှု တွေလဲ ပြုလုပ်ပေးနေပါတယ်"ဟု တောင်ကိုရီးယားအရေးပေါ် စီမံ ခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန် ရှိသူတစ်ဦးက ပြောကြား သွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# လူသားတိုင်းကျန်းမာရေးအတွက် သန့်ငါးသန့်

ဒေါက်တာအောင်ညွန့်ပိုင်



**နိဒါန်း**

လူသားတိုင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပျော်ရွှင်သောမိသားစုဘဝကို တည်ဆောက်ရန်အတွက် ကျန်းမာရေးသည် အဓိကသော့ချက်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြစ်သော "သန့်ငါးသန့်"ဟုခေါ်သည့် လက်သန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး၊ ရေသန့်ရှင်းရေး၊ အိမ်သာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့သည် မိမိတို့ပတ်ဝန်းကျင်တွင် ခြိမ်းခြောက်နေသည့် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ ရာသီတုပ်ကွေး စသည့်ရောဂါများကို ကာကွယ်ပေးနိုင်သည့်အခြေခံအကျဆုံးနှင့်အထိရောက်ဆုံးနည်းလမ်းများဖြစ်သည်။

**လက်သန့်ရှင်းရေး**

သန့်ရှင်းသောလက်ဖြင့် ရောဂါများကိုကာကွယ်နိုင်သည်။ လက်သည် နေ့စဉ်လူမှုဘဝတွင် အရာဝတ္ထုမျိုးစုံနှင့် အမြဲထိတွေ့နေရသဖြင့် ပိုးမွှားများကူးစက်ရန် အလွယ်ကူဆုံး အစိတ်အပိုင်းဖြစ်သည်။ လက်ကို စနစ်တကျ ဆေးကြောခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါများသာမက လက်မှတစ်ဆင့် နှာခေါင်း၊ ပါးစပ်အတွင်းသို့ ဝင်ရောက်တတ်သော ရောဂါပိုးများကို တိုက်ရိုက်ကာကွယ်နိုင်သည်။

အစားအစာ မကိုင်တွယ်မီ၊ မချက်ပြုတ်မီနှင့် အစားအစာ မစားသုံးမီ လက်ကိုသန့်ရှင်းစွာ ထားရမည်။ အိမ်သာတက်ပြီးချိန်နှင့် ကလေးမစင်ကို သန့်စင်ပြီးချိန်၊ နှာချေ၊ ချောင်းဆိုး သို့မဟုတ် နှာညှစ်ပြီးချိန်များတွင် လူအများကိုင်တွယ်တတ်သော အရာဝတ္ထုများ (ဥပမာ-တံခါးလက်ကိုင်၊ ငွေစက္ကူ၊ ဘတ်စကားလက်တန်း)ကို ထိတွေ့ပြီးချိန်၊ အမှိုက် သို့မဟုတ် တိရစ္ဆာန်များကို ကိုင်တွယ်ပြီးချိန်တွင် လက်သန့်ရှင်းရေးကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

**စနစ်တကျ လက်ဆေးနည်း**

လက်ကို ရေနှင့် ဆပ်ပြာသုံး၍ လက်ဖဝါး၊ လက်ဖမိုး၊ လက်ချောင်းကြား၊ လက်မ၊ လက်သည်းများနှင့် လက်ကောက်ဝတ်တို့ကို အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် ပွတ်တိုက်ဆေးကြောရမည်ဖြစ်သည်။ ရေမရှိသော နေရာများတွင် အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းကျော် ပါဝင်သော လက်သန့်ဆေးရည် (Hand Gel) ကို အသုံးပြုကာ လက်ကိုစနစ်တကျ ဆေးကြောရမည်ဖြစ်သည်။

**အစားအစာ သန့်ရှင်းရေး**

မသန့်ရှင်းသော အစားအစာများနှင့် လမ်းဘေးယင်နားစာများသည် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ကာလဝမ်းရောဂါ) နှင့် အစာအဆိပ်သင့်ခြင်းကို လျင်မြန်စွာ ဖြစ်စေနိုင်သည်။

အစားအစာသန့်ရှင်းရေးတွင် ဟင်းသီးဟင်းရွက်၊ အသားငါးများကို လတ်ဆတ်စွာ ရွေးချယ်ဝယ်ယူပြီး မချက်ပြုတ်မီ ရေစင်အောင် ဆေးကြောရမည်ဖြစ်သည်။ အစားအစာများကို ယင်ကောင်မနားစေရန် အဖုံးများဖြင့် လုံခြုံစွာဖုံးအုပ်ထားရမည်။ အသား၊ ငါးနှင့် ဥအမျိုးမျိုးကို အပူချိန်ပြည့်ဝစွာဖြင့် ကျက်အောင်ချက်ပြုတ်ခြင်း၊ လမ်းဘေးယင်နားစာများနှင့် အအေးစာများကို လုံးဝရှောင်ကြဉ်ခြင်းများ ပြုလုပ်၍ အစားအစာသန့်ရှင်းရေးကို အထူးဂရုပြုရမည်ဖြစ်သည်။

ထို့ပြင် ကျန်ရှိသော ဟင်းလျာများကို စနစ်တကျ ဖုံးအုပ်သိုလှောင်ပြီး ပြန်လည်စားသုံးလိုပါက အပူပေးကာ နွေးပြီးမှ စားသုံးသင့်သည်။

မိသားစုတိုင်းတွင် ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် ဓာတ်ဆားထုပ် (ORS) များကို အမြဲဆောင်ထားသင့်သည်။ ဝမ်းသွားပါက ရေဓာတ်ခန်းခြောက်မှု မရှိစေရန် ဓာတ်ဆားရည်ကို ချက်ချင်းဖျော်စပ်သောက်သုံးသင့်သည်။

**သောက်ရေနှင့် သုံးရေသန့်ရှင်းရေး**

သန့်ရှင်းသောရေမရရှိခြင်း သို့မဟုတ် သောက်ရေသုံးရေကန်များအတွင်း ရောဂါပိုးမွှားများရောက်ရှိခြင်းသည် ဝမ်းရောဂါ၊ ကာလဝမ်းရောဂါနှင့် အူရောင်ငန်းဖျားရောဂါများကို ကပ်ရောဂါအသွင် ပြန့်ပွားစေနိုင်သည်။ ထို့ကြောင့် ရေကိုပွက်ပွက်ဆူအောင် ကျိုချက်ပြီးမှ သောက်သုံးသင့်သည်။

FDA အသိအမှတ်ပြု ရေသန့်စင်စက် သို့မဟုတ် ရေစစ်ကန်များကို အသုံးပြုရမည်ဖြစ်သည်။ အရေးပေါ် အခြေအနေများနှင့် ရေဘေးသင့်ချိန်များတွင် ရေတွင်း၊ ရေကန်များကို ကလိုရင်း (Chlorine) ဆေးပြားခတ်၍ သန့်စင်အသုံးပြုရမည်ဖြစ်သည်။ လိုအပ်ပါက Life Straw (ရေသန့်စင်စစ်တံ) ကို အသုံးပြုနိုင်သည်။

ထို့ကြောင့် ရေလှောင်ကန်များ၊ ရေအိုးများကို အဖုံးလုံခြုံစွာ ဖုံးအုပ်ထားပြီး ပုံမှန်ဆေးကြောထားရမည်ဖြစ်သည်။ ရေခပ်ရာတွင် သန့်ရှင်းသော ကိရိယာများကိုသာ အသုံးပြုခြင်းဖြင့် သောက်သုံးရေသန့်ရှင်းအောင် ပြုလုပ်ရမည်ဖြစ်သည်။

**စနစ်ကျသော အိမ်သာသန့်ရှင်းရေး**

စနစ်ကျသော မစင်စွန့်ခြင်းကို မလုပ်ဆောင်ပါက မစင်ထဲမှ ပိုးမွှားများသည် ယင်ကောင်များ၊ ဖိနပ်မပါဘဲ လမ်းလျှောက်ခြင်းများမှတစ်ဆင့် လူ့ခန္ဓာကိုယ်အတွင်းသို့ဝင်ရောက်ပြီး သန်ကောင်ရောဂါနှင့် ဝမ်းရောဂါများကို ဖြစ်စေသည်။

ထို့ကြောင့် အိမ်သာစနစ် လမ်းညွှန်ချက်များ၊ ယင်လုံအိမ်သာသန့်ရှင်းရေးနှင့် အိမ်သာတက်ပြီးတိုင်း လက်ဆေးသည့် အမူအကျင့်များ လူတိုင်းဆောင်ရွက်ရမည်ဖြစ်သည်။ မိသားစုတိုင်း အတားအဆီးပါသော စနစ်ကျသည့် ယင်လုံအိမ်သာကို ဆောက်လုပ်သုံးစွဲရမည်ဖြစ်သည်။ ကွင်းပြင်၌ မစင်စွန့်ခြင်း အလေ့အကျင့်ကို လုံးဝပယ်ဖျက်ရမည်ဖြစ်သည်။ အိမ်သာခွက်နှင့်ကြမ်းပြင်ကို နေ့စဉ်သန့်ရှင်းရေးလုပ်ရမည်ဖြစ်သည်။ ကလေးမစင်များအပါအဝင် မစင်အားလုံးကို အိမ်သာထဲသို့သာ စနစ်တကျ စွန့်ပစ်ရမည်ဖြစ်သည်။

အိမ်သာတက်ပြီးတိုင်း ရေလောင်းခြင်း၊ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ချက်ချင်းဆေးခြင်း၊ အိမ်သာကျင်းပြည့်ပါက စနစ်တကျ မြေဖို့ခြင်း သို့မဟုတ် စုပ်ထုတ်ခြင်း ပြုလုပ်ရမည်ဖြစ်သည်။

**ပတ်ဝန်းကျင် သန့်ရှင်းရေး**

မိမိတို့ နေထိုင်ရာပတ်ဝန်းကျင်နှင့် နေအိမ်များ ညစ်ပတ်ပြီး လေဝင်လေထွက် မကောင်းပါက ခြင်ကျားများပေါက်ဖွားပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနိုင်သကဲ့သို့ တုပ်ကွေးဗိုင်းရပ်စ်ပိုးများ အလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန် ရေအိုး၊ ရေပုံးများကို ခြင်မဝင်စေရန်ဖုံးအုပ်ထားခြင်း၊ ဘုရားပန်းအိုးနှင့် ရေခွက်များကို တစ်ပတ်တစ်ကြိမ် ရေလဲခြင်း၊ ရေအိုးအတွင်းနံရံများကိုပွတ်တိုက် ဆေးကြောခြင်း၊ ပိုးလောက်လမ်း ရှိ၊ မရှိ စစ်ဆေးပြီး အဘိတ် (Abate) ဆေးခတ်ခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

တုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါအတွက် နေအိမ်များကို အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်စေရန် ပြတင်းပေါက်များ ဖွင့်ထားရမည်ဖြစ်သည်။ လူဦးရေထူထပ်သော နေရာများသို့ သွားလာပါက နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ခြင်း၊ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ် သို့မဟုတ် တစ်ရှူးဖြင့် လုံခြုံစွာ ဖုံးအုပ်ခြင်းများပြုလုပ်ရမည်ဖြစ်သည်။

ထို့ပြင် အမှိုက်များကို စနစ်တကျ စည်းကမ်းရှိစွာ စွန့်ပစ်ခြင်း၊ ခြင်ကျားများ မပေါက်ဖွားနိုင်စေရန် ရေတင်ကျန်နိုင်သော ဘူး၊ ခွက်၊ တာယာဟောင်းများကို ရှင်းလင်းခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။

**နိဂုံး**

လူတိုင်း "သန့်ငါးသန့်" လမ်းညွှန်ချက်များကို လိုက်နာခြင်းသည် မိမိပတ်ဝန်းကျင်တွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါအမျိုးမျိုးကို တားဆီးနိုင်သည့် အကောင်းဆုံးသော ကျန်းမာရေးအာမခံချက်ဖြစ်သည်။

သို့သော် မိသားစုဝင်တစ်ဦးဦးတွင် အပြင်းအထန်ဖျားခြင်း၊ ကော်ဖီရောင် သို့မဟုတ် သွေးရောင်အန်ခြင်း၊ အရေပြားတွင် အနီစက်များထွက်လာခြင်း (သွေးလွန်တုပ်ကွေးသံသယ)၊ ဆန်ဆေးရည်ကဲ့သို့ ဝမ်းများ အဆက်မပြတ်သွားခြင်း (ပြင်းထန်ဝမ်းရောဂါ သံသယ) သို့မဟုတ် အသက်ရှူရခက်ခဲခြင်း၊ မောပန်းခြင်းနှင့် အောက်ဆီဂျင်ကျခြင်း (တုပ်ကွေး၊ ကိုဗစ်-၁၉ ရောဂါ ပြင်းထန်လက္ခဏာ)များဖြစ်ပေါ်ပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း သို့မဟုတ် ကျန်းမာရေးဌာနသို့ ချက်ချင်းသွားရောက် ပြသကုသမှုခံယူရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

❖ လက်သည် နေ့စဉ်လူမှုဘဝတွင် အရာဝတ္ထုမျိုးစုံနှင့် အမြဲထိတွေ့နေရသဖြင့် ပိုးမွှားများကူးစက်ရန် အလွယ်ကူဆုံးအစိတ်အပိုင်းဖြစ်သည်။ လက်ကို စနစ်တကျဆေးကြောခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါများသာမက လက်မှတစ်ဆင့် နှာခေါင်း၊ ပါးစပ်အတွင်းသို့ ဝင်ရောက်တတ်သော ရောဂါပိုးများကို တိုက်ရိုက်ကာကွယ်နိုင်သည်။ အစားအစာ မကိုင်တွယ်မီ၊ မချက်ပြုတ်မီနှင့် အစားအစာ မစားသုံးမီ လက်ကို သန့်ရှင်းစွာထားရမည်။ ❖

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# စင်ကာပူနိုင်ငံ၏ AI သို့မဟုတ် အာရှ၏ အယုံကြည်ရဆုံး ဉာဏ်ရည်တုဗဟိုချက် တည်ဆောက်ခြင်း



**ယခင်အပတ်မှအဆက်**

**အဆင့်မြင့်ထုတ်လုပ်မှု**

ထုတ်လုပ်မှုသည် စင်ကာပူနိုင်ငံ၏ စီးပွားရေး အုတ်မြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည်။ ဉာဏ်ရည်တုနည်းပညာ (AI) ဖြင့် မောင်းနှင်သော ကြိုတင်ခန့်မှန်းပြုပြင်ထိန်းသိမ်းမှု၊ ရိုဘော့တစ်များ၊ ဒစ်ဂျစ်တယ်အမြွှာများ (digital twins) နှင့် ဉာဏ်ရည်ထက်မြက်သော အရည်အသွေးထိန်းချုပ်မှုတို့သည် ရပ်တန့်ချိန်နှင့် လည်ပတ်မှုကုန်ကျစရိတ်များကို လျှော့ချပေးပြီး ထုတ်လုပ်မှုစွမ်းအားကို လည်းမြင့်တင်ပေးသည်။

**စမတ်ကျသော ရွေ့လျားနိုင်မှု**

စင်ကာပူနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးစနစ်သည် ယာဉ်ကြောပိတ်ဆို့မှု အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်း၊ ဉာဏ်ရည်ထက်မြက်သော ထောက်ပံ့ပို့ဆောင်ရေး၊ အလိုအလျောက်ယာဉ်စမ်းသပ်မှုနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲမှုအတွက် AI ကို ပိုမိုအားကိုးလာပြီး နိုင်ငံ၏ ရေရှည်စမတ်ကျသော နိုင်ငံရည်မှန်းချက်ကို ပံ့ပိုးပေးသည်။

**ပြည်သူ့ဝန်ဆောင်မှုများ**

အစိုးရအေဂျင်စီများသည် ဒစ်ဂျစ်တယ်အများပြည်သူဝန်ဆောင်မှုများ၊ မူဝါဒလေ့လာဆန်းစစ်မှု၊ အရေးပေါ်တုံ့ပြန်မှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ထိရောက်မှုကို တိုးတက်စေရန် AI ကို အသုံးပြုကြသည်။ နိုင်ငံသားများသည် မြင့်မားသော တာဝန်ယူမှုစံနှုန်းများကို ထိန်းသိမ်းထားကြသည်။ ထို့ကြောင့် ပိုမိုမြန်ဆန်ပြီး ပိုမိုတုံ့ပြန်မှုရှိသော ဝန်ဆောင်မှုများမှ နိုင်ငံသားများ အကျိုးခံစားခွင့်ရရှိကြသည်။

**တာဝန်ယူမှုရှိသော AI အုပ်ချုပ်မှု**

AI အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် လျှို့ဝှက်ရေး၊ ပွင့်လင်းမြင်သာမှု၊ ဆိုက်ဘာလုံခြုံရေးနှင့်တွင် ဆန်းသစ်တီထွင်မှုများကို ပံ့ပိုးပေးသည်။

**နိုင်ငံတကာ မိတ်ဖက်များ**

စင်ကာပူနိုင်ငံအနေဖြင့် AI သည် မူလကတည်းက ကမ္ဘာလုံးဆိုင်ရာဖြစ်သည်ကို နားလည်ထားသည်။ သုတေသနတိုးတက်စေရန်၊ ဘုံစံနှုန်းများ ဖော်ဆောင်ရန်နှင့် တာဝန်ယူမှုရှိသော ဆန်းသစ်တီထွင်မှုကို အထောက်အကူပြုရန်အတွက် အဓိကနည်းပညာကုမ္ပဏီများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သည်။

စင်ကာပူနိုင်ငံ၏ ပွင့်လင်းမြင်သာမှုသည် ထိပ်တန်းနိုင်ငံတကာကုမ္ပဏီများကို ဆွဲဆောင်ခဲ့သည်။ ၎င်းတို့သည် စင်ကာပူနိုင်ငံကို AI သုတေသန၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများအတွက် ၎င်းတို့၏ ဒေသဆိုင်ရာ ဌာနချုပ်အဖြစ် ပိုမိုအသုံးပြုလာကြသည်။

ကမ္ဘာလုံးဆိုင်ရာ နည်းပညာခေါင်းဆောင်များနှင့် မိတ်ဖက်များသည် စီးပွားရေးလုပ်ငန်းများနှင့် အစိုးရများလက်ခံကျင့်သုံးမှုကို အရှိန်မြှင့်တင်နေစဉ်တွင် ယုံကြည်စိတ်ချရသော နိုင်ငံတကာ AI ဗဟိုချက်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေရန် စင်ကာပူ၏ ရည်မှန်းချက်ကို ပိုမိုအားကောင်းစေသည်။

**၂၀၂၆ ခုနှစ်အတွက် ဦးစားပေးအသစ်များ**

နည်းပညာပြောင်းလဲမှု၏ မြန်ဆန်သော အရှိန်အဟုန်ကို အသိအမှတ်ပြုသည့်အနေဖြင့် စင်ကာပူနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် ၎င်း၏ အမျိုးသား AI မဟာဗျူဟာကို အဆင့်မြှင့်တင်မှုပြုလုပ်ခဲ့သည်။ ပြန်လည်ဆန်းသစ်ထားသော အစီအစဉ်တွင် အဆင့်မြင့်ထုတ်လုပ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ငွေကြေးဝန်ဆောင်မှုများနှင့် အစိုးရကဏ္ဍတို့တွင် အမျိုးသား AI မစ်ရှင်များ အပါအဝင် အဆင့်မြှင့်တင်မှုပြုလုပ်ထားသော ဦးစားပေး ၁၀ ခုကို မိတ်ဆက်ခဲ့သည်။

စင်ကာပူနိုင်ငံဝန်ကြီးချုပ် Lawrence Wong ဦးဆောင်သော အမျိုးသား AI ကောင်စီအသစ်သည် နိုင်ငံ၏ AI အစီအစဉ်အတွက် မဟာဗျူဟာမြောက်လမ်းညွှန်မှုကို ပေးသည်။ အစိုးရသည် လုပ်ငန်းပေါင်း ၁၀၀၀၀ ကို AI ကို အဓိပ္ပာယ်ရှိရှိ ပေါင်းစပ်ရန်နှင့် အမျိုးသား AI သက်ရောက်မှုအစီအစဉ်မှတစ်ဆင့် အလုပ်သမားအင်အားတစ်လျှောက် AI ကျွမ်းကျင်မှုများကို တိုးချဲ့ရန်လည်း ရည်ရွယ်ထားသည်။ ဤအစီအစဉ်များက စင်ကာပူနိုင်ငံသည် AI ကို နည်းပညာမူဝါဒတစ်ခုအဖြစ်သာမက ပြည့်စုံသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာတစ်ခုအဖြစ် ရှုမြင်ကြောင်း ပြသနေသည်။

**ရှေ့တွင်ရှိသော စိန်ခေါ်မှုများ**

အထင်ကြီးလောက်သော တိုးတက်မှုများရှိသော်လည်း စင်ကာပူနိုင်ငံသည် သိသာထင်ရှားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

AI ပါရမီရှင်များအတွက် ယှဉ်ပြိုင်မှုသည် ကမ္ဘာတစ်ဝှမ်းတွင် ဆက်လက်ပြင်းထန်လာနေသည်။ အဆင့်မြင့်ကွန်ပျူတာ အရင်းအမြစ်များကို ရယူသုံးစွဲနိုင်စေရန် ထိန်းသိမ်းခြင်း၊ ဆိုက်ဘာလုံခြုံရေးကို သေချာစေခြင်း၊ ကျင့်ဝတ်ဆိုင်ရာ စိုးရိမ်မှုများကို ဖြေရှင်းခြင်းနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ AI ကို လက်ခံကျင့်သုံးရန် ကူညီပေးခြင်းတို့သည် ဆက်လက်လုပ်ဆောင်နေသော ဦးစားပေးလုပ်ငန်းများအဖြစ် ဆက်လက်တည်ရှိနေသည်။

ထို့ပြင် AI စည်းမျဉ်းများသည် နည်းပညာတိုးတက်မှုများနှင့်အတူ တိုးတက်ပြောင်းလဲရမည်ဖြစ်သည်။ ဆန်းသစ်တီထွင်မှုနှင့် ကြီးကြပ်မှုကြား မှန်ကန်သော ဟန်ချက်ညီမှုကို ရှာဖွေခြင်းသည် လူထုယုံကြည်မှုကို ထိန်းသိမ်းရန်အတွက် အရေးကြီးသည်။ သို့သော် စင်ကာပူနိုင်ငံ၏ လျင်မြန်သော အုပ်ချုပ်မှုပုံစံ၊ ခိုင်မာသောအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ်သင်ယူမှုအပေါ် ကတိကဝတ်များသည် အနာဂတ်နည်းပညာဆိုင်ရာ အပြောင်းအလဲများကို လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရန်အတွက် ခိုင်မာသောအုတ်မြစ်ကို ပံ့ပိုးပေးသည်။

**နိဂုံး**

စင်ကာပူနိုင်ငံ၏ AI ခရီးစဉ်သည် မဟာဗျူဟာမြောက် ဦးဆောင်မှု၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် ရေရှည်ရင်းနှီးမြှုပ်နှံမှုတို့သည် နိုင်ငံငယ်လေးတစ်ခုကို ကမ္ဘာ့နည်းပညာ ဦးဆောင်သူဖြစ်လာစေနိုင်ပုံကို သရုပ်ပြနေသည်။ စကေးတစ်ခုတည်းဖြင့်သာ ယှဉ်ပြိုင်မည့်အစား စင်ကာပူနိုင်ငံသည် ယုံကြည်မှု၊ အရည်အချင်း၊ ဆန်းသစ်တီထွင်မှုနှင့် မူဝါဒထူးချွန်မှုတို့မှတစ်ဆင့် ယှဉ်ပြိုင်သည်။ ၎င်း၏ ပေါင်းစပ်ချဉ်းကပ်မှုဖြစ်သော အစိုးရ၏ ဦးဆောင်မှု၊ ပညာရေးဆိုင်ရာ သုတေသန၊ စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်သိသော အုပ်ချုပ်မှုတို့သည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် AI ကို အသုံးချရန် ရှာဖွေနေသော နိုင်ငံများအတွက် အဖိုးတန်သင်ခန်းစာများကိုပေးသည်။

စင်စစ်ဉာဏ်ရည်တုသည် ကမ္ဘာ့စီးပွားရေးကို ပြန်လည်ပုံဖော်နေရာ စင်ကာပူနိုင်ငံသည် AI နည်းပညာများကို စားသုံးသူအဖြစ်သာမက အကြံဉာဏ်များ၊ စံနှုန်းများနှင့် ဖြေရှင်းချက်များ၏ ဖန်တီးသူအဖြစ်ပါ မိမိကိုယ်ကို နေရာချထားသည်။ ၎င်း၏ အတွေ့အကြုံက AI ၏ အနာဂတ်သည် အကြီးဆုံးဈေးကွက်များရှိသူများနှင့်သာမက ဆန်းသစ်တီထွင်မှုနှင့် လူထုယုံကြည်မှုတို့ အပြန်အလှန်အားဖြည့်ပေးသည့်ဂေဟစနစ်များကို တည်ဆောက်နိုင်စွမ်းရှိသူများနှင့်ပါ သက်ဆိုင်ကြောင်းပြသနေသည်။

သို့ဖြစ်ရာအာရှအတွက် စင်ကာပူနိုင်ငံ၏ အတွေ့အကြုံသည် နည်းပညာဦးဆောင်မှုကို အနာဂတ်အမြင်၊ ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်သိသော အုပ်ချုပ်မှုတို့မှတစ်ဆင့် ရရှိကြောင်း ဆွဲဆောင်မှုရှိသော ဥပမာတစ်ခုအဖြစ် ဖော်ပြနေသည်။ ဤလမ်းကြောင်းအတိုင်း ဆက်လက်လုပ်ဆောင်ပါက မြို့ပြနိုင်ငံသည် လာမည့်ဆယ်စုနှစ်အတွင်း ကမ္ဘာ့အလွှမ်းမိုးဆုံး AI ဆန်းသစ်တီထွင်မှုဗဟိုချက်များထဲမှ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေရန် ကောင်းစွာအနေအထားတွင် ရှိနေကြောင်းတင်ပြလိုက်ရပါသည်။

**❖ စင်ကာပူနိုင်ငံ၏ AI ခရီးစဉ်သည် မဟာဗျူဟာမြောက် ဦးဆောင်မှု၊ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ရေရှည်ရင်းနှီးမြှုပ်နှံမှုတို့သည် နိုင်ငံငယ်လေးတစ်ခုကို ကမ္ဘာ့နည်းပညာဦးဆောင်သူဖြစ်လာစေနိုင်ပုံကို သရုပ်ပြနေသည်။ စကေးတစ်ခုတည်းဖြင့်သာ ယှဉ်ပြိုင်မည့်အစား စင်ကာပူနိုင်ငံသည် ယုံကြည်မှု၊ အရည်အချင်း၊ ဆန်းသစ်တီထွင်မှုနှင့် မူဝါဒထူးချွန်မှုတို့မှတစ်ဆင့် ယှဉ်ပြိုင်သည်။ ❖**

**ကိုးကား**

- Smart Nation Singapore. National AI Strategy (Updated 2026).
- Singapore Economic Development Board (EDB). Singapore: Where AI Vision Becomes Reality. 2026

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




**သစ်တော**
**မှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၄၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင် ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၄၉၂ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ပဲတီစိမ်း ၁၆၉၅၂ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၄၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲတီစိမ်းဧက ၁၆၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ ရှိပါတယ်။ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။

(၂၀၆)

## ကျောက်တံခါးမြို့နယ် ဆယ့်လေးရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျောက်တံခါး ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ဆယ့်လေးရွာကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်၊ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဆယ့်လေးရွာကျေးရွာ၌ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များမှာကြားခဲ့သည်။

ဆယ့်လေးရွာကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆၆ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူသူ**







## မန္တလေးမြို့၊ မဟာမုနိဘုရားကြီး
## ယာဉ်ရပ်နားခ ကောက်ခံခွင့်လုပ်ငန်း ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ပုရိဝုဏ်ရှိ ယာဉ်ရပ်နားစခန်း (၃)နေရာအား ယာဉ်ရပ်နားခကောက်ခံခွင့်ကို ဈေးပြိုင်လေလံခေါ်ယူ၍ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း လုပ်ငန်းခွင့်ပြုမည်ဖြစ်ပါသည် –

(က) ယာဉ်ရပ်နားခစခန်း (၃)နေရာမှာ –
- (၁) အနောက် ၄၅ တာ ယာဉ်ရပ်နားစခန်း (၈၄ လမ်းအဝင်)
- (၂) အရှေ့ ၄၅ တာ ယာဉ်ရပ်နားစခန်း (၈၂ လမ်းအဝင်)
- (၃) အရှေ့မုခ်ဦး ယာဉ်ရပ်နားစခန်း (၈၁ လမ်းအဝင်)

(ခ) လျှောက်လွှာပုံစံ စတင်ရောင်းချမည့်နေ့ရက် – ၂၀-၈-၂၀၂၄ ရက်၊ ရုံးချိန်အတွင်း

(ဂ) လျှောက်လွှာပုံစံ အရောင်းပိတ်မည့်နေ့ရက်/အချိန် – ၄-၉-၂၀၂၄ ရက်၊ (၁၆:၀၀)နာရီ

(ဃ) လျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန် – ၁၀-၉-၂၀၂၄ ရက်၊ (၁၆:၀၀)နာရီ

(င) ဈေးပြိုင်လေလံကျင်းပမည့်နေ့ရက်/အချိန်/နေရာ – ၁၅-၉-၂၀၂၄ ရက်၊ (၁၀:၀၀)နာရီ ပြည်ပလှူဖွယ်ပြတိုက်၊ မဟာမုနိရင်ပြင်တော်

(စ) လျှောက်လွှာပုံစံ (၁)စုံဈေးနှုန်း – ကျပ် (၃၀,၀၀၀)

၂။ လျှောက်လွှာပုံစံ ဝယ်ယူ/တင်သွင်းခြင်းကို တင်သွင်းမည့်သူကိုယ်တိုင် မှတ်ပုံတင်မူရင်းနှင့်တကွ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊ အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူ/တင်သွင်းရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၉-၄၄၄၀၁၆၀၀၄၊ ၀၉-၇၉၄၀၄၄၄၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံကော်မတီ
မဟာမုနိဂေါပကအဖွဲ့၊ မန္တလေးမြို့

## ဦးကောင်းမြ အသက် (၈၄)နှစ်

ပြင်ဦးလွင်မြို့၊ (၁၃)ညံ့ကွဲရပ်နေ ဦးကျော်သူ + ဒေါ်ဆယ်၊ ဦးမြတ်သူ + ဒေါ်ချစ်သဲ၊ ဦးအောင်သူ၊ ဦးကျော်ကျော် + ဒေါ်အေးမြတ်သူ တို့၏မွေးသဖခင် ကျေးဇူးရှင် မြေး (၆)ယောက်၊ မြစ် (၁)ယောက်တို့၏အဘိုး၊ ဒေါ်မာမာအေး၏ ခင်ပွန်းဖြစ်သူ

## ဦးကောင်းမြ အသက် (၈၄)နှစ်

သည် ၁၇-၈-၂၀၂၄ ရက်နေ့ (၁၆:၂၀) နာရီအချိန်တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၁၉-၈-၂၀၂၄)ရက်နေ့ မွန်းလွဲ (၂:၀၀)နာရီတွင် နေအိမ်မှ (၈)မိုင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဖခင်အမည်မှန်ဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ မြို့မအခြေခံပညာအလယ်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်စွမ်းဝေယံထက်နှင့် Grade-5(A)တွင် ပညာသင်ကြားနေသော မဖူးပွင့်ရတီတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးပြည့်ဖြိုးအောင်** ဖြစ်ပါကြောင်း။ **ဦးပြည့်ဖြိုးအောင်(၉/တတဥ(နိုင်)၀၇၄၀၉၀)**

## ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ ကြူကုတ်(ပန်ဆိုင်း)၊ ရပ်ကွက်(၂)နေ ဦးမင်လီချိန် (ဘ) ဦးလောက်မင့်(၁၃/မဆတ(နိုင်)၀၄၇၇၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-761694)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-5181425**

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး
## သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အလက(၄)၊ Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်လတ်ခိုင်၏သမီး မစုပြည့်မှူးနဒီ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မဆုပြည့်မှူးနဒီ** ဖြစ်ပါကြောင်း။ **မဆုပြည့်မှူးနဒီ**

## အဖိုးတန်ရေချိုကို ချွေတာပါ

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ်မှ အစိုးရအဖွဲ့အကြီးအကဲများနှင့်တွေ့ဆုံ

စာမျက်နှာ - ၁၇

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၁၇

## ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မန္တလေး ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌနှင့်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပထမဆုရ ကျောက်ဆည်ခရိုင်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ပဲခူးမြစ်ရေ ပဲခူးမြို့၏ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့နံနက် ၁၀ နာရီခွဲအချိန်တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆၁ စင်တီမီတာ(နှစ်ပေခန့်)အလိုတွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

## ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများကို ဖြိုချ၊ ဖျက်ဆီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း၊လက်နက်များ သိမ်းပိုက်ရရှိ

ကရင်ပြည်နယ် မြဝတီမြို့နယ် မင်းလက်ပံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသည့်နေရာကို လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိမှုဖြစ်စဉ်ပြမြေပုံ။




နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ပျက်စီးစေပြီး လူ့ကျင့်ဝတ်သိက္ခာများထိခိုက်စေ၍ အများပြည်သူအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကိုပါ အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို

စာမျက်နှာ ၂၄ ကော်လံ ၁ ◆

## ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ် ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ

စာမျက်နှာ ၂၅ ကော်လံ ၁ ●

## ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိပြီး လန်းအသင်း ၂၀၂၆ ပြင်သစ်စူပါဖလားဆွတ်ခူး

ပဲရစ် ဩဂုတ် ၁၇

၂၀၂၆ ပြင်သစ်စူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက လန်းအသင်းအိမ်ကွင်းတွင် အိမ်ရှင်လန်းအသင်းနှင့်ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လန်းအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်ဟု Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစတင်ကတည်းက ပီအက်စ်ဂျီအသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း လန်းအသင်းက

စာမျက်နှာ ၂၂ ကော်လံ ၄ ❖